# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၁၄ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၇၅)


**တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲရမည် ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံစေတနာဖြင့် မိမိတို့ တာဝန်ယူဆောင်ရွက်နေသော တည်ဆောက်ရေးလုပ်ငန်းများကို အလေးထား အကောင်အထည်ဖော်သွားကြရန် အရေးကြီး။**

## ခေတ်မီဆက်သွယ်ရေးလမ်းကြောင်းများ တိုးတက်ကောင်းမွန်အောင် တိုးချဲ့ဆောင်ရွက် ဒေသတစ်ခုနှင့်တစ်ခု သွားလာမှုမြန်ဆန်ပြီး တိုင်းရင်းသားအချင်းချင်း ပိုမိုထိတွေ့လာနိုင် ကုန်စည်စီးဆင်းမှုများ သွက်လက်မြန်ဆန်ကာ ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတံတား(စင်းခန်း)တည်ဆောက်မှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ကာကွယ်ရေးဦးစီးချုပ်(လေ)၊ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယမန်နေ့နံနက် ၉နာရီခွဲတွင် ပြင်ဦးလွင်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီး၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီတံတား(စင်းခန်း) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ နံနက် ၁၁နာရီတွင် ရောက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✳



### ဧရာဝတီတံတား (စင်းခန်း) တည်ဆောက်ရေးလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတံတား (စင်းခန်း) စီမံကိန်းရှင်းလင်းဆောင် ရှုရပ်မှ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁၄ ရက်)

## စာပေအမွေခံကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင် မျက်မှောက်ခေတ်စာပေပညာရှင်များ ကလောင်စွမ်းအားဖြင့် ကြိုးပမ်းစွမ်းဆောင်

မြန်မာစာပေသည် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို အကဲဖြတ်ရာ၌ စာပေသည် အဓိကအခြေပြုရသော ယဉ်ကျေးမှုကဏ္ဍတစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ်ပိုင်ယဉ်ကျေးမှုတို့ဖြင့် အခွန့်ရှည်ကြာစွာရပ်တည်လာခဲ့ပြီး ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုသုခုမပညာရပ်များ ဖြစ်တည်ထွန်းကားလာခဲ့သည်။

နိုင်ငံတော်အစိုးရသည် စာပေအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု စသည့်ဆုများဖြင့် နှစ်စဉ်ချီးမြှင့်အားပေး မြှင့်တင်ပေးလျက်ရှိသည်။

စာပေဖြင့် နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ဖော်ဆောင်ပေးခဲ့သော ခေတ်အဆက်ဆက်မှ စာပေပညာရှင်ကြီးများအား ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် နတ်တော်လဆန်းတစ်ရက်နေ့ကို ''စာဆိုတော်''နေ့အဖြစ် သတ်မှတ်၍ စာဆိုတော်နေ့အခမ်းအနားများကို ၁၃၀၆ခုနှစ်မှ စတင်ကျင်းပလာခဲ့ရာ နှစ်ပေါင်း(၆၅)နှစ် တိုင်ခဲ့ပြီဖြစ်သည်။

စာဆိုတော်နေ့ကို ဂုဏ်ပြုလျက် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို အစဉ်အလာမပျက် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

မြန်မာစာပေ၏ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုဖြစ်စဉ်တွင် အစဉ်အလာကောင်း၊ အမွေခံကောင်းများကို ထိန်းသိမ်းမြှင့်တင်ရင်း ဂန္ထဝင်မြောက်စာကောင်းပေမွန်များ၊ တန်းဝင်သည့်စာပေလက်ရာများ၊ နိုင်ငံနှင့်လူမျိုး အကျိုးဖြစ်ထွန်းစေမည့် သုတ၊ ရသ စာအုပ်စာတမ်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းနေမှုသည် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။

စာပေသည် အသိအလိမ္မာ၊ ဉာဏ်ပညာတိုးတက်မြင့်မားရေးအတွက် မီးရှူးတန်ဆောင်ဖြစ်သကဲ့သို့ လူမျိုးတစ်မျိုး၏ အသက်ဝိညာဉ်ဟုလည်း ခေါ်ဆိုနိုင်ပြီး တိုင်းပြည်၏ဂုဏ်ဒြပ်လည်း ဖြစ်ပေသည်။

သို့ဖြစ်ပေရာ မျက်မှောက်ခေတ်စာပေပညာရှင်များ၊ စာပေလောကသားများသည် မြန်မာစာပေရေသောက်မြစ်ကြီး အကိုင်းအခက်၊ အရွက်အလက်၊ အပွင့်အသီးတို့ဖြင့် ပိုမိုစည်ပင်ဖွံ့ဖြိုးလာစေရေးအတွက် ကလောင်စွမ်းအားဖြင့် မဆုတ်မနစ်ကြိုးပမ်းစွမ်းဆောင် သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## သစ်မာစိုက်ခင်း

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် သာယာကုန်းကျေးရွာတွင် တစ်အိမ်ထောင်ကျွန်းသုံးပင်၊ ကျေးလက်အိမ်ရာထူထောင်ရေးနှင့် သစ်မာစိုက်ခင်း တစ်ဧကစိုက်ပျိုးထားရှိမှုကို ဒီဇင်ဘာ ၁၁ရက်က ရန်ကုန်တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

## မြဝတီ ရုပ်မြင်သံကြား

၁၄-၁၂-၂၀၀၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ မြန်မာစာ မြန်မာစကား
- ၄:၃၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅:၂၀ ၆။ စိုက်ပျိုးသုတ
- ၅:၃၀ ၇။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၁။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၂။ သွက်လက်လှုပ်ရှား ကစားစို့လား
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မှုခင်းရဲ** (အပိုင်း-၁၉)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ Talk of the Town
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်ချိန်**(တတိယတွဲ) (အပိုင်း-၃၆)



## မြောက်ဥက္ကလာပ အထက(၄) အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ၁၉၆၆ခုနှစ်မှ ၁၉၈၁ခုနှစ်အတွင်း သုံးနှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ဆရာ ဆရာမများအား ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အဆိုပါကျောင်း ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။

(ပညာရေး)

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွမ်းလုံခရိုင် ဟိုပန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကောင်းဟုန်းရပ်ကွက် ဗိုလ်ဆွန်ပက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းခွင်သို့ နိုဝင်ဘာ ၂၆ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်တင့် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမြသိန်းဝင်းက ရှင်းလင်းတင်ပြစဉ်။
(မြို့နယ် ပြန်/ဆက်)

## နိုင်ငံသား အရည်အချင်းပြည့်မီသူများအား စိစစ်ရေးကတ်ပြားများ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၌ ထုတ်ပေး

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးခြင်း၊ ဥပဒေနှင့်ညီညွတ်သူများအား အိမ်ထောင်စုစာရင်းများပေးအပ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ၄ရက် နံနက် ၁၀နာရီက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်(၁၅၆)ရပ်ကွက်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးဌာနမှူး ဦးဦးထွန်းခိုင်က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် စခန်းမှူး ရဲအုပ်အောင်မင်းထွန်းထံသို့ ရဲတပ်ဖွဲ့ဝင်မိသားစုများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စု လူဦးရေစာရင်းများကို ပေးအပ်ပြီး (၁၅၅/၁၅၆/၈) ရပ်ကွက်နေပြည်သူများသို့ နိုင်ငံသား စိစစ်ရေးကတ်ပြား ၅၃၂ကတ်နှင့် အိမ်ထောင်စု လူဦးရေစာရင်း ၂၀၁ခုကို တစ်ဦးချင်း ပေးအပ်သည်။ **(ဝဲပုံ)**

**(မြို့နယ်လဝက)**




## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၁၂-၂၀၀၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ကံကောင်းသူများ**တရားတော် (ဒုတိယပိုင်း) (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၆:၄၅ အလောင်းတော်ကဿပလိုဏ်ဂူတော်
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၂၆)
- ၈:၃၀ Premier League Highlight (Match-16)
- ၈:၅၅ မြတ်ဒါနပန်းတို့ပွင့်လန်းရာ စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါနတည်ရာ
- ၉:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ Global Panorama
- ၁၀:၃၀ Activities in the City (ငါ့နှမလေးပွဲသွားပြီ ရုပ်ရှင်ဇာတ်ကားကြီး ကန်တော့ပွဲအခမ်းအနား)
- ၁၀:၄၀ သန့်ရှင်းသောသွေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသီတာအောင်)
- ၁၁:၁၅ International Show Biz
- ၁၁:၃၀ University နှင့်တူသော University
- ၁၁:၄၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (တိမ်ပြာမို့မို့လွင်)
- ၁၂:၀၀ SCED သက်ကြီးဆရာဝန် စောင့်ရှောက်ရေး
- ၁၂:၂၀ စိုက်ပျိုးဝေဆာတို့မြေမှာ (မုန်ညင်းစိုက်ပျိုးနည်း)
- ၁၂:၃၅ စာအုပ်ပြခန်း (စီးပွားအောင်ခြင်း၊ ဆရာဦးကြည်ရွှန်း)
- ၁:၀၀ **ကံကောင်းသူများ** တရားတော် (ဒုတိယပိုင်း) (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၁:၄၅ အလောင်းတော်ကဿပလိုဏ်ဂူတော်
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ **မက်မဆုံးတဲ့ပြက်လုံးများ** ဝင်းအောင်၊ ဒါလေး၊ ဖိုးတာ
- ၃:၁၅ မြတ်ဒါနပန်းတို့ပွင့်လန်းရာ စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါနတည်ရာ
- ၃:၃၅ အနှိုင်းမရှိ မေတ္တာဂုဏ်ရည် ချီးကျူးဂုဏ်ပြုပါသည်
- ၃:၄၅ University နှင့်တူသော University
- ၃:၅၅ Activities in the City (ငါ့နှမလေးပွဲသွားပြီ ရုပ်ရှင်ဇာတ်ကားကြီး ကန်တော့ပွဲအခမ်းအနား)
- ၄:၁၅ မူဟန်ကိုယ်စီတေးကိုသီ
- ၄:၂၅ သန့်ရှင်းသောသွေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသီတာအောင်)
- ၅:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ International Show Biz
- ၆:၄၀ အနုပညာမိုးကောင်းကင်
- ၇:၀၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (တိမ်ပြာမို့မို့လွင်)
- ၇:၂၅ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (ICE CREAMအဖွဲ့နှင့်တွေ့ဆုံခြင်း)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ **မက်မဆုံးတဲ့ပြက်လုံးများ** ဝင်းအောင်၊ ဒါလေး၊ ဖိုးတာ
- ၉:၀၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၂၆)
- ၁၀:၀၀ အနှိုင်းမရှိ မေတ္တာဂုဏ်ရည် ချီးကျူးဂုဏ်ပြုပါသည်
- ၁၀:၁၅ ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
- ၁၀:၃၀ စိုက်ပျိုးဝေဆာတို့မြေမှာ (မုန်ညင်းစိုက်ပျိုးနည်း)
- ၁၀:၄၀ စာအုပ်ပြခန်း (စီးပွားအောင်ခြင်း၊ ဆရာဦးကြည်ရွှန်း)
- ၁၁:၀၅ **နတ်လူသာခုခေါ်စေသောဝ်** ခေတ်သစ်၊ဝိုင်းစုခိုင်သိန်း၊သတိုးစော (ဒါရိုက်တာ-သော်ကိုကိုကျော်)
- ၁၁:၂၅ ရွှေလီတံတား
- ၁၁:၃၅ အဆင့်မီရော်ဘာဖူးဆက် ပျိုးပင်ရရှိရေး
- ၁၁:၄၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၉ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

### ပါဝင်ဆင်နွှဲ

အဆိုပါ ၂၀၀၉ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများ တက်ရောက် ပါဝင်ဆင်နွှဲကြသည်။

### ဖွင့်လှစ်ပေး

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ဂေါက်ကွင်း၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်က Tracer Ball ကို ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။ **(ယာပုံ)**

ထို့နောက် ပြိုင်ပွဲဝင် အသင်း ၁၄သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများသည် ၂၀၀၉ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမနေ့ ၁၈ကျင်းပြိုင်ပွဲကို စတင် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ညနေပိုင်းတွင် ပထမနေ့ ပြိုင်ပွဲအစီအစဉ်များကို ရပ်နားလိုက်သည်။

### အောင်မြင်စွာပြီးစီး

၂၀၀၉ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲ အစီအစဉ်များကို ဒီဇင်ဘာ ၁၃ရက် ယနေ့ နံနက် ၆ နာရီမှ စတင်၍ နေပြည်တော်ရှိ နေပြည်တော်ဂေါက်ကွင်းနှင့် ရေပြာ ဂေါက်ကွင်းတို့၌ ဆက်လက်ကျင်းပရာ ပွဲစဉ်များအားလုံး ညနေပိုင်းတွင် အောင်မြင်စွာ ပြီးစီးသွားသည်။

၂၀၀၉ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ညနေ ၆နာရီတွင် နေပြည်တော် ဂေါက်ကွင်း၌ ကျင်းပသည်။


### ဆုချီးမြှင့်

ရှေးဦးစွာ ၂၀၀၉ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ၏ အသင်းလိုက် (အကျောပေး)ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၅၂၂ ချက်ဖြင့် ပထမဆုရ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်း၊ အသားတင်ရိုက်ချက် ၅၆၅ချက်ဖြင့် ဒုတိယဆုရ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းနှင့် အသားတင်ရိုက်ချက် ၅၇၆ချက်ဖြင့် တတိယဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းတို့အား လည်းကောင်း၊ အသင်းလိုက် (အကျောမဲ့) ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၆၆၄ ချက်ဖြင့် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)အသင်း၊ အသားတင်ရိုက်ချက် ၆၆၆ ချက်ဖြင့် ဒုတိယဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) အသင်းနှင့် အသားတင်ရိုက်ချက် ၇၂၂ချက်ဖြင့် တတိယဆုရ အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းတို့အား လည်းကောင်း စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်က ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တစ်ဦးချင်း (အကျောပေး) ပြိုင်ပွဲနှင့် (အကျောမဲ့) ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ရှိန်က ဆုများကို ပေးအပ်ချီးမြှင့်သည်။

### ရုပ်သိမ်း

ယင်းနောက် ပါ(Per)၊ဘာဒီ(Birdie) နှင့် အီဂယ်(Eagle) အများဆုံးဆုရရှိကြသူများအားလည်းကောင်း၊ တစ်ချက်တည်းကျင်းဝင် (Hole in One) ဆု၊ ကွင်းအလိုက် တစ်ဦးချင်း (အကျောပေး)နှင့် (အကျောမဲ့)ပြိုင်ပွဲတို့တွင် အကောင်းဆုံး အားကစားသမားဆု ရရှိကြသူများအား လည်းကောင်း၊ ကွင်းအလိုက် အဝေးဆုံး ရိုက်ချက်ဆုနှင့် အနီးဆုံးရိုက်ချက်ဆု ရရှိကြသူများအားလည်းကောင်း၊ တစ်ဦးချင်း (အကျောပေး) ပြိုင်ပွဲနှင့် (အကျောမဲ့)ပြိုင်ပွဲတို့တွင် အကြိုးစားဆုံးဆု အားကစားသမား ဆုရရှိကြသူတို့အား လည်းကောင်း၊ အသင်းလိုက်(အကျောပေး)ပြိုင်ပွဲတွင် အကြိုးစားဆုံး အသင်းဆုရ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းအား လည်းကောင်း နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ဆုများကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**





စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင် ၂၀၀၉ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ အသင်းလိုက် (အကျောမဲ့) ပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင် ၂၀၀၉ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ အသင်းလိုက် (အကျောပေး)ပြိုင်ပွဲတွင် ပထမဆုရ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



## (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ

### နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| ထိုင်း | ၂၉ | ၃၉ | ၄၀ | ၁၀၈ |
| ဗီယက်နမ် | ၂၅ | ၂၃ | ၂၇ | ၇၅ |
| စင်ကာပူ | ၂၃ | ၁၂ | ၂၄ | ၅၉ |
| မလေးရှား | ၂၀ | ၂၂ | ၂၇ | ၆၉ |
| အင်ဒိုနီးရှား | ၁၆ | ၁၈ | ၂၇ | ၆၁ |
| ဖိလစ်ပိုင် | ၁၂ | ၁၆ | ၁၉ | ၄၇ |
| လာအို | ၁၁ | ၄ | ၂၀ | ၃၅ |
| မြန်မာ | ၆ | ၈ | ၂၂ | ၃၆ |
| ကမ္ဘောဒီးယား | ၂ | ၄ | ၉ | ၁၅ |
| ဘရူနိုင်း | ၁ | ၁ | ၅ | ၇ |
| တီမောလက်စတေ | ၀ | ၀ | ၃ | ၃ |

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မီတာ ၅၀၀၀ အပြေးပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိသည့် မြန်မာ့လက်ရွေးစင် ကစားသမား အောင်ခိုင်အား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်။ (အား/ကာ)





(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ၈၅ကီလိုတန်း အလေးမပြိုင်ပွဲ၌ ငွေတံဆိပ်ဆု ရရှိသည့် မြန်မာ့လက်ရွေးစင် အလေးမ အားကစားသမား ရွှေလင်းထွဋ်။ (အား/ကာ)

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ၆၉ကီလိုအထက် အမျိုးသမီး အလေးမပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု ရရှိသည့် မြန်မာ့လက်ရွေးစင် အလေးမ အားကစားမယ် ဇေဇေလတ်ကို တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်။ (အား/ကာ)



## မြန်မာအားကစားအဖွဲ့ ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် ငါးခု ထပ်မံရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၃

**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပလျက်ရှိသည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အလေးမအားကစားမယ် ဇေဇေလတ်သည် ၆၉ကီလိုအထက် အမျိုးသမီးအလေးမပြိုင်ပွဲတွင် လည်းကောင်း၊ အောင်ခိုင်သည် မီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် လည်းကောင်း ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိကြသည်။**

ထို့အတူ မြန်မာ့လက်ရွေးစင် အလေးမအားကစားသမား ရွှေလင်းထွဋ်သည် ၈၅ ကီလိုတန်း အလေးမပြိုင်ပွဲတွင် လည်းကောင်း၊ စန္ဒီဦး၊ အိမ့်မီမီ၊ သက်သက်နိုင်တို့သည် အမျိုးသမီး လက်နက်မဲ့ ဝူရှူးအသင်းလိုက်ပြိုင်ပွဲတွင် လည်းကောင်း ငွေတံဆိပ်ဆုများကို ဆွတ်ခူးရရှိကြသည်။

### အသီးသီးဆွတ်ခူး

အလားတူ မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအဖွဲ့သည် အမျိုးသားအသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် လည်းကောင်း၊ ထက်အောင်သည် ၄၈ ကီလိုလိုက်ဖလိုင်းဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲတွင် လည်းကောင်း၊ အောင်ကိုကိုသည် ၇၅ကီလို မစ်ဒယ်လ်ဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲတွင် လည်းကောင်း၊ နိန်ထောင်တောင်သည် ၄၈-၅၁ ကီလိုတန်း ဖလိုင်းဝိတ်တန်း (မွေ)ရီးရာ လက်ဝှေ့ပြိုင်ပွဲတွင် လည်းကောင်း၊ သန်းဦးသည် ၅၄-၅၇ကီလိုတန်း ဖယ်သာဝိတ်ပြိုင်ပွဲတွင် လည်းကောင်း ကြေးတံဆိပ်ဆုများကို အသီးသီးဆွတ်ခူးရရှိကြပြီး ယနေ့ကျင်းပသည့် ပြိုင်ပွဲများတွင် စုစုပေါင်း ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် ငါးခုရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

14-12 (03).pmd 1 12/14/2009, 2:49 PM



# ရေလမ်းပိတ်ဆို့မှုများ လျှော့ပါးသက်သာစေရေးအတွက် တရုတ်နိုင်ငံ ဝူဟန်မြို့၌ ရေကြောင်းပို့ဆောင်ရေးစနစ်ကျင့်သုံးမည်

ဝူဟန် ဒီဇင်ဘာ ၁၃

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အရှည်လျားဆုံးမြစ်ဖြစ်သော ယန်စီမြစ်၏ မြစ်ကမ်းနဖူးအလယ်ပိုင်း၌တည်ရှိသော ဝူဟန်မြို့အတွင်း ရေလမ်းပိတ်ဆို့မှုများ လျှော့ပါးသက်သာစေရေးအတွက် ရေကြောင်းခရီးသည်ပို့ဆောင်ရေးစနစ်ကို အသုံးပြုတော့မည်ဖြစ်ကြောင်း သိရသည်။**

အဆိုပါ ပို့ဆောင်ရေးစီမံကိန်းကို သက်ဆိုင်ရာကော်မတီက ဒီဇင်ဘာ ၁၁ရက်တွင် အတည်ပြုလိုက်ကြောင်း ဝူဟန်အခြေစိုက် မြို့ပြစည်ပင်သာယာရေး ပညာရှင် ရှန်စီယန်ဖန်းက ပြောကြားသည်။

**ခုတ်မောင်းသွားလာနိုင်**

ရေကြောင်းသွားလာမှုသည် အချိန်ကုန်သက်သာစေကြောင်း၊ ဝူဟန်ရှိ ဘတ်စ်ကားများသည် တစ်နာရီလျှင်ပျမ်းမျှ ၁၅ ကီလိုမီတာနှုန်းဖြင့် သွားလာနေရကြောင်း၊ လှေ၊ သင်္ဘောများသည် တစ်နာရီလျှင် ၂၅ကီလိုမီတာမှ ၃၀ကီလိုမီတာနှုန်းဖြင့် ခုတ်မောင်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း မစ္စတာရှန်စီယန်ဖန်းက ပြောကြားသည်။

**အရှည်ဆုံး**

ဝူဟန်မြို့သည် တောင်ကုန်း၊ တောင်စွယ်များ ထူထပ်သည့်အပြင် မြို့ကို ယန်စီမြစ်နှင့် ယင်း၏အရှည်ဆုံး မြစ်လက်တက်ဖြစ်သော ဟန့်ရှီမြစ်တို့က သုံးပိုင်းပိုင်းခြားထားသည်ဟု သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# အိန္ဒိယ လယ်ယာကဏ္ဍအသုံးစရိတ် သိသိသာသာ တိုးမြှင့်ပေးရေးတိုက်တွန်း

နယူးဒေလီ ဒီဇင်ဘာ ၁၃

**အိန္ဒိယနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍ အထူးသဖြင့် ဆည်မြောင်းကဏ္ဍနှင့် စိုက်ပျိုးရေးနည်းပညာကဏ္ဍ အသုံးစရိတ်များကို သိသိသာသာ တိုးမြှင့်ပေးသွားရန်လိုအပ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ဒီဇင်ဘာ၁၀ရက်တွင် ပြောကြားသည်။**

စိတ်မချရသော မုတ်သုံမိုးကို အားကိုးနေရသည့် အိန္ဒိယနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် ပြုပြင်ပြောင်းလဲရေးကာလ ဆယ်စုနှစ် နှစ်ခုအတွင်း ရရှိခဲ့သော စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့၌ လျင်မြန်စွာ တိုးတက်လာခြင်းနှင့်ယှဉ်လျှင် နောက်ကျ ကျန်ရစ်ခဲ့ပြီဖြစ်သည်။

**ပြောကြား**

အိန္ဒိယနိုင်ငံ၏ (၁၁)ကြိမ်မြောက် ငါးနှစ်စီမံကိန်းတွင် နှစ်အလိုက် လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်မှု နှစ်ဆတိုးပြီး လေးရာခိုင်နှုန်းရှိလာမည်ဟု မျှော်လင့်ထားကြောင်း၊ ဤသည်မှာ အိန္ဒိယနိုင်ငံ၏ ထိပ်ဆုံး ဦးစားပေး ရည်မှန်းချက်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်က ပြောကြားသည်။ **(အင်တာနက်)**

# အီရန်တပ်ဖွဲ့ဝင်များ၏ ရှေးဟောင်းရုပ်ကြွင်းများ အီဂျစ်နိုင်ငံ၌ တူးဖော်တွေ့ရှိ

ကိုင်ရို ဒီဇင်ဘာ ၁၃

ပါရှန်ဘုရင်ဒုတိယမြောက်ကမ်ဘစ်ဆက် ဦးဆောင်သည့်တပ်မှ တပ်ဖွဲ့ဝင်တို့၏ ရုပ်ကြွင်းများကို အီဂျစ်နိုင်ငံ၌ တူးဖော်တွေ့ရှိရသည်ဟု အီဂျစ်အရာရှိများက ဒီဇင်ဘာ ၁၂ရက်တွင် ပြောကြားသည်။

**ဆက်လက်ရှင်သန်**

အီဂျစ်နိုင်ငံ၌ အီရန်နိုင်ငံ၏ သမိုင်းဝင် အမွေအနှစ်များ ရှာဖွေတွေ့ရှိခြင်းသည် ယဉ်ကျေးမှု အမွေအနှစ်များဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ရှင်သန်စေလိမ့်မည်ဟု တီဟီရန်ရှိအီဂျစ်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များဆိုင်ရာ ဌာနအကြီးအကဲ အာလီဒင်ဟာဆန်ယူဆက်က ပြောကြားသည်။

**တွေ့ရှိ**

ပါရှန်ဘုရင်ဒုတိယမြောက် ကမ်ဘစ်ဆက်ဦးဆောင်သည့်တပ်ဖွဲ့၏ ရုပ်ကြွင်းများကို အီဂျစ်နိုင်ငံဆီဝါမှ သိပ်မဝေးသည့် အိုအေစစ်ငယ်လေးတစ်ခုတွင် ကက်စတစ်လီယွန်နီညီအစ်ကိုများက တွေ့ရှိခဲ့ခြင်းဖြစ်သည်။

**သဲမုန်တိုင်း**

လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၀၀က သဲမုန်တိုင်း အကြီးအကျယ်ကျရောက်ခဲ့သဖြင့် အီရန်တပ်ဖွဲ့ဝင် ၅၀၀၀၀ခန့် သဲဖုံး သေဆုံးခဲ့ရာမှ ကျန်ရစ်ခဲ့သည့် ရုပ်ကလာပ်များဖြစ်ဟန်ရှိသည်ဟု ဆိုသည်။

**(အင်တာနက်)**

# သစ်ခွပွဲတော်

**ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ ပထမဆုံးအကြိမ် ကျင်းပသည့် သစ်ခွပွဲတော်ကို ဒီဇင်ဘာ ၁၂ရက်က တွေ့ရစဉ်။** (ဆင်ဟွာဓာတ်ပုံ)

# အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်း၄၃၆၈ ဦး ရှိပြီဖြစ်

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၃

**စစ်မက်ပဋိပက္ခ ဖြစ်ပွားနေသော အီရတ်နိုင်ငံတွင် တိုက်ပွဲနှင့်မဆိုင်သော ဒဏ်ရာများကြောင့် နောက်ထပ် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး အသက်ဆုံးရှုံးရကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။**

သေဆုံး

**ဘဂ္ဂဒက်ရှိ နိုင်ငံစုံတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးသည် ဒီဇင်ဘာ၁၀ရက်က သေဆုံး သွားကြောင်းထုတ်ပြန်သော အမေရိကန်စစ် ဘက်ကြေညာချက် တစ်ရပ်တွင် ဖော်ပြ ထားသည်။**

ကြေညာချက်

**ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ စုံစမ်း စစ်ဆေးနေကြောင်း၊ သေဆုံးသူ၏အမည်ကို ထုတ်ဖော်ပြောကြားထားခြင်းမရှိသေးကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။**

ကျူးကျော်တိုက်ခိုက်

**အီရတ်နိုင်ငံတွင် ယခုနှစ်အတွင်း ယခုအချိန်အထိ တိုက်ပွဲနှင့်မသက်ဆိုင်ဘဲ သေဆုံးသွားရသူ အမေရိကန်တပ်ဖွဲ့ဝင် ၁၄၇ဦးရှိ သွားပြီဖြစ်ကြောင်း၊ အီရတ်ကို အမေရိကန် ဦးဆောင်သည့် ကျူးကျော်တိုက်ခိုက်သည့် ၂၀၀၃ခုနှစ် မတ်လမှစ၍ သေဆုံးခဲ့သူ အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၄၃၆၈ဦးရှိ သွားပြီဖြစ်သည်။** (အင်တာနက်)



**အမေရိကန်နိုင်ငံ ဝစ်ကွန်ဆင်ပြည်နယ်တွင် ဆီးနှင်းများထူထပ်စွာကျဆင်းပြီးနောက် ရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ကို ဒီဇင်ဘာ၁၂ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

# အာဖဂန်နစ္စတန်၌ A(H1N1)ရောဂါဖြင့် ၁၇ဦး သေဆုံး

**ကဘူးလ် ဒီဇင်ဘာ ၁၃**

အာဖဂန်နစ္စတန်နိုင်ငံ၌(A(H1 N1) တုပ်ကွေးရောဂါဖြင့် သေဆုံးသူဦးရေမှာ ၁၇ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၃ရက်တွင် သတင်းထုတ်ပြန်သည်။

**ကူးစက်ခံရ**

ထို့ပြင် A(H1N1)ရောဂါကူးစက်ခံရသူများတွင် အမျိုးသား၈၅၃ဦးနှင့် အမျိုးသမီး၄၀တို့ပါဝင်ကြောင်း သတင်းထုတ်ပြန်ခဲ့သော်လည်း ရောဂါကူးစက်ခံရသည့် နိုင်ငံခြားသားဦးရေကိုမူ သတင်းထုတ်ပြန်ခြင်းမရှိကြောင်းသိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



**ပါရာဂွေးနိုင်ငံ အဆန် ဆီ ယွန် မြို့အနီးရှိ ဗီလာရီကာမြို့ရှိ ဆောက်လုပ်ဆဲ သုံးထပ် အဆောက်အအုံ ပြိုကျမှုဖြစ်ပွားပြီးနောက် ရှင်းလင်းရေး လုပ်ငန်းများ ဆောင် ရွက် လျက် ရှိသည်ကို ဒီဇင်ဘာ ၁၁ရက်က တွေ့ရစဉ်။**

(ယင်းမတော်တဆမှု၌ ဆောက်လုပ်ရေးလုပ်သားနှစ်ဦးသေဆုံးပြီး ၁၅ဦးဒဏ်ရာရရှိခဲ့သည်။)

**(အင်တာနက်ဓာတ်ပုံ)**

# လင်းပိုင်များ လေ့ကျင့်သင်ကြား

**တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ် ပင်လယ်ပျော် သတ္တဝါများပြတိုက်၌ လင်းပိုင်များအား လေ့ကျင့်သင်ကြားပေးလျက်ရှိသည်ကို ဒီဇင်ဘာ ၁၃ရက်က တွေ့ရစဉ်။** (ဆင်ဟွာဓာတ်ပုံ)



# ယီမင်ဒုက္ခသည် ၁၈၀၅ဦး ဆော်ဒီနယ်စပ်၌ ထိန်းသိမ်းထား

**ရီးယာ့ဒ် ဒီဇင်ဘာ ၁၃**

ဆော်ဒီအာရေဗျနိုင်ငံသည် ရှီယာဟော်သီအကြမ်းဖက်သမားများအား တိုက်ခိုက်နှိမ်နင်းနေသည့် ယီမင်အစိုးရတပ်များကို အထောက်အကူဖြစ်စေရန် ဆော်ဒီတပ်ဖွဲ့ဝင် ထောင်နှင့်ချီ၍ ဖြန့်ကြက်ထားပြီး ယီမင်နိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံ၏ နယ်စပ်အနီး၌ ယီမင်ဒုက္ခသည် ၁၈၀၅ဦးကို ထိန်းသိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**ကိုးကားဖော်ပြ**

လွန်ခဲ့သည့် ၁၀ရက်အတွင်း ဖမ်းဆီးထိန်းသိမ်းထားသော အဆိုပါဒုက္ခသည်များသည် ဆော်ဒီ-ယီမင်နယ်စပ်သို့ ဝင်ရောက်လာခြင်းဖြစ်သည်ဟု ဆော်ဒီအာရေဗျပိုင် အက်ရှ်ဟတ်အယ်လ်အော်ဆတ် သတင်းဌာနက အဆင့်မြင့်ဆော်ဒီစစ်ဘက် အသိုင်းအဝိုင်း၏ ပြောကြားချက်ကို ကိုးကားဖော်ပြသည်။

**တိုက်ခိုက်နေ**

ဆော်ဒီအာရေဗျတပ်ဖွဲ့များသည် တောတောင်ထူထပ်သောနယ်စပ်ဒေသရှိ ဟော်သီစခန်းများကို မြေပြင်နှင့် ဝေဟင်တို့မှ နှစ်ဖက်ညှပ်၍ ဗုံးကြဲတိုက်ခိုက်နေကြောင်း အဆိုပါသတင်းစာတွင် ဆက်လက်ဖော်ပြထားသည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ စစ်ဆင်ရေးလုပ်ငန်းဟူသမျှသည် ယီမင်နိုင်ငံဘက်သို့ ဖြတ်ကျော်ခြင်းမပြုဘဲ ဆော်ဒီအာရေဗျဘက်ရှိ နယ်စပ်မှနေ၍ တိုက်ခိုက်နေခြင်းဖြစ်သည်ဟု ဆော်ဒီအာရေဗျအစိုးရက အခိုင်အမာပြောကြားသည်။ **(အင်တာနက်)**

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

### လော့စ်အိန်ဂျလိစ်အနီး ကားလမ်းပေါ်မြေပြိုကျမှုဖြစ်ပွား

*အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့အနီး၌ ဒီဇင်ဘာ ၁၃ရက် နံနက်က အဝေးပြေးလမ်းပေါ်သို့ မြေပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သတင်းထုတ်ပြန်သည်။* **(အောက်ပုံ)**



### အင်ဒိုနီးရှားသမ္မတ ဥရောပ လေးနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ခရီးထွက်ခွာ

*အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းယူဒိုယိုနိုသည် ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ ဂျာမနီနှင့် ဒိန်းမတ်နိုင်ငံများသို့ ရှစ်ရက်ကြာ ချစ်ကြည်ရေး အလည်အပတ်ခရီးစဉ်အဖြစ် ဒီဇင်ဘာ ၁၃ ရက်က ထွက်ခွာသွားကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။*

### ရုရှားအလယ်ပိုင်း၌ လူနေအဆောက်အအုံ မီးလောင်

*ရုရှားနိုင်ငံအလယ်ပိုင်း ဒီဇာဇင့်ခ်မြို့၌ အထပ်ငါးထပ်ရှိ လူနေအဆောက်အအုံ တစ်လုံး ဒီဇင်ဘာ ၁၃ ရက်က မီးလောင်မှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရုရှားရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။*

### လက်ဘနွန်ကမ်းလွန်၌ တူရကီသင်္ဘော နစ်မြုပ်

*လက်ဘနွန်နိုင်ငံကမ်းလွန်၌ တူရကီကုန်တင်သင်္ဘောတစ်စင်း ဒီဇင်ဘာ ၁၃ ရက်က နစ်မြုပ်ခဲ့ကြောင်း၊ ပင်လယ်ပြင်တွင် ရာသီဥတုဆိုးရွားပြီး မုန်တိုင်းတိုက်ခတ်မှုကြောင့်ဖြစ်ကြောင်း လက်ဘနွန်နိုင်ငံအရာရှိများက ပြောကြားသည်။*

### သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့အရှေ့မြောက်ပိုင်း၌ အေဒီ ၁ ရာစုခန့်က အနုပညာပစ္စည်းများရှာဖွေတွေ့ရှိ

*သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့အရှေ့မြောက်ဘက် ကီလိုမီတာ၂၀၀ခန့်အကွာ အနူရာဒါပူရာအရပ်၌ အေဒီ၁ရာစုခန့်က ရှေးဟောင်းအနုပညာလက်ရာပစ္စည်းအချို့ကို သုတေသနပညာရှင်များက ဒီဇင်ဘာ ၁၃ရက်၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။*

### အီရန်က ဂုဏ်သတ္တိလျော့ ယူရေနီယံများ လွှဲပြောင်းပေးအပ်ရန်အသင့်ရှိ

*အီရန်နိုင်ငံက ဂုဏ်သတ္တိလျော့ ယူရေနီယံကီလိုဂရမ် ၄၀၀ခန့်ကို လွှဲပြောင်းပေးအပ်ရန် အသင့်ရှိနေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မာနိုချာမိုတာကီက ဒီဇင်ဘာ ၁၃ ရက်၌ သတင်းထုတ်ပြန်သည်။*

### တူရကီမြောက်ပိုင်းကမ်းလွန်၌ ပနားမားသင်္ဘောနစ်မြုပ်

*တူရကီနိုင်ငံမြောက်ပိုင်းကမ်းငါလယ်နက်တွင် ဒီဇင်ဘာ၁၃ရက်က ပနားမားကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ သင်္ဘောသား ၁၂ဦးကို ကယ်ဆယ်နိုင်ခဲ့သော်လည်း နှစ်ဦးသေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်သည်။* **(အောက်ပုံ)**



### ဗင်နီဇွဲလားနှင့်ကျူးဘား အကျိုးတူပူးပေါင်းမည်

*ဗင်နီဇွဲလားနှင့်ကျူးဘားနှစ်နိုင်ငံတို့သည် စွမ်းအင်၊ အားကစားနှင့် နည်းပညာကဏ္ဍများတွင် အမေရိကန်ဒေါ်လာ ၃ဒသမ၂ဘီလီယံခန့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် ဒီဇင်ဘာ ၁၃ရက်က နှစ်နိုင်ငံခေါင်းဆောင်များ သဘောတူလက်မှတ်ရေးထိုးကြကြောင်း သတင်းထုတ်ပြန်သည်။* (အင်တာနက်)



## သုခမိန်စာကြည့်တိုက် ရွှေပြည်သာ၌ဖွင့်လှစ် စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီရေး ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၈)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ပူးပေါင်း၍ သုခမိန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၂ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညီညီအောင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူနှင့် အမှတ်(၈)ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌနှင့် ရပ်ကွက်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူက စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေး၊ စာငှားကတ်စနစ် ကျင့်သုံးဆောင်ရွက်ရေးတို့ကို ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဘားအံ အထက(၁) အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ဘားအံမြို့ အထက(၁) ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့) နံနက် ၉နာရီခွဲတွင် ဘားအံအထက(၁) မြသံလွင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အသက်(၆၀)ပြည့်ပြီးသော ဆရာကြီး ဆရာမကြီးများနှင့် စာသင်နှစ်အားလုံးမှ ကျောင်းသားဟောင်းများ အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးငွေစိုး ဖုန်း-၀၅၈-၂၁၃၇၂၊ ဦးအောင်သန်း ဖုန်း-၀၅၈-၂၁၆၄၇၊ ဦးအောင်ပိုက် ဖုန်း-၀၅၈-၂၁၃၆၇၊ ၀၉-၅၆၆၀၇၁၆၊ ဒေါ်နန်းလှယဉ်မေ (ကျောင်းအုပ်ကြီး)ဖုန်း-၀၅၈-၂၁၀၅၅၊ ဗိုလ်မှူးအောင်ဆန်း(ရေ-ငြိမ်း) ဖုန်း-၀၉-၅၁၇၄၀၅၈၊ ဦးစောကျင်ပိုင် ဖုန်း-၀၉-၅၀၁၁၂၂၈၊ ဦးသန်းရွှေ ဖုန်း-၀၁-၅၄၈၂၀၉ နှင့် ဦးဉာဏ်ဝင်း ဖုန်း-၀၉-၅၀၃၁၁၃၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ ရန်ကုန်မှလိုက်ပါမည့်သူများအတွက် အထူးယာဉ်များ စီစဉ်ထားရာ ဇန်နဝါရီ ၃ရက် နံနက်၆နာရီအရောက် ရွှေဖားစည်ကားဂိတ် (အောင်မင်္ဂလာအဝေးပြေးကားဝင်း)သို့ လာရောက်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**


## အထက(၁)လသာ (စင်ထရယ်) မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

၁၉၅၅ခုနှစ်မှ ၁၉၈၅ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသားဟောင်းများ၏ (၁၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ၂၀ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အထက(၁)လသာ ဗဟိုစံပြခန်းမ၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အစည်းအဝေးကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၂၀ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီခွဲတွင် ကျောင်းဝင်းရှိ (ယခင်-စက်မှုလက်မှု) ယခုအသင်းရုံးခန်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန်နှင့် ၁၉၅၅ခုနှစ်မှ ၁၉၈၅ခုနှစ်အတွင်း ပညာသင်ပေးခဲ့သော ကျေးဇူးရှင် သက်ပြည့်အငြိမ်းစား ဆရာကြီးဆရာမကြီး ၉၀ကျော်အား ကန်တော့ရန်အတွက် လှူဒါန်းလိုပါက ကိုစိန်ထွန်းလင်း(ဦးရွှေလင်း-ဒေါ်ကြင်ကြင်၊ အီလက်ထရွန်နစ်)ဖုန်း-၂၅၀၈၀၄၊ ကိုအောင်ခိုင်(စိုးမိုးကျော်) ဖုန်း-၀၉-၅၀၆၈၉၆၈၊ ဒေါက်တာမြင့်ဦးသွယ်၊ ကိုအောင်ကြည် ဖုန်း-၀၁-၂၄၅၃၀၈၊ ကိုကျော်နိုင်ဦး နိုင်ဂရု(ပ်)၊ ကိုအေးထွန်း(Oriental House)၊ ကိုသိန်းဇံ၊ ကိုခင်မောင်ကြီး၊ ကိုစိုးတင့်၊ ကိုဇော်ဝင်း၊ ကိုထင်ကျော်၊ ကိုစိုးဝင်း၊ ကိုအောင်တင်၊ ကိုခင်မောင်ဦး ဖုန်း-၀၁-၃၈၂၇၉၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



ဒီဇင်ဘာ ၁၂ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၏ ကျောင်းကြက်ခြေနီ ရှေးဦးပြုစုခြင်းအဆင့်မြင့် သင်တန်းဆင်းပွဲနှင့် ကြက်ခြေနီအသင်းဝင်ပုံစံပေးအပ်ပွဲကို ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းအမှုဆောင် ညွှန်ကြားရေးမှူး ဦးခင်မောင်လတ်ထံ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးက အသင်းဝင်ပုံစံ ၁၀၆၃စောင်ပေးအပ်စဉ်။ (၁၂၃)



ဒီဇင်ဘာ ၅ရက်က သရက်ခရိုင် ဦးစီးအရာရှိ ဦးလှမျိုးအောင်၊ ဆင်ပေါင်ဝဲ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဆင့်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်မျိုးမျိုးသွယ်တို့ နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆောက်လုပ်နေသည့် ချောင်းကောက်ကျေးရွာ စံပြစာကြည့်တိုက် ဆောက်လုပ်နေမှုနှင့် ပစ္စည်းစုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ အုပ်စုဥက္ကဋ္ဌ ဦးလှဦးနှင့် ကော်မတီဝင်များက ရှင်းလင်းတင်ပြကြစဉ်။ (ခရိုင် ပြန်/ဆက်)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် အောင်မင်္ဂလာဖြတ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၄ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)



## ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၁၃**

နေပြည်တော်၌ကျင်းပခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ဝန်ကြီး၏ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့၏ စည်ပင်သာယာရေးလုပ်ငန်းများ အချိန်အဟုန်မြင့် ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၇ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်က ဝန်ကြီး၏ မှာကြားချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မိမိတို့၏လုပ်ငန်းများကို သတ်မှတ်ချိန် ဘဏ္ဍာရေးနှစ်အတွင်း ရာနှုန်းပြည့်ပြီးစီးရေး၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေး၊ မြို့သန့်ရှင်းသာယာလှပရေးအတွက် ပွင့်လင်းရာသီအတွင်း အရှိန်အဟုန်မြင့် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

### ဖြည့်စွက်ဆွေးနွေး

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာများက ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် မြို့များသန့်ရှင်းသပ်ရပ် သာယာလှပရေးလုပ်ငန်းများကို ဆွေးနွေးတင်ပြကြရာ ညွှန်ကြားရေးမှူးက ဖြည့်စွက်ဆွေးနွေးသည်။

### ကြပ်မတ်ဆောင်ရွက်

၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ပြ/ကျေးလက်ကတ္တရာလမ်း ၅မိုင် ၁ဖာလုံ၊ ကျောက်ချောလမ်း ၃မိုင် ၅ဖာလုံ၊ ဂဝံလမ်း ၁၅မိုင် ၅ ဖာလုံ၊ မြေသားလမ်း ၂၈မိုင် ၁ဖာလုံ စုစုပေါင်း ၅၂မိုင် ၄ဖာလုံ၊ မြို့ပြနှင့် ကျေးလက်တံတားအနေဖြင့် ကွန်ကရစ်တံတား ၁၅စင်း၊ သစ်သားတံတား လေးစင်း၊ ရေပြွန် ငါးစင်းတို့ကို အချိန်မီပြီးစီးရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

# စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သော ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာစေရန် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက်ပေးထား

## လူ့စွမ်းအားအရင်းအမြစ်များအား အမျိုးသားရေး ယုံကြည်ချက်ဖြင့် ပြုစုပျိုးထောင်

နေပြည်တော် ဒီဇင်ဘာ ၁၃

**ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၆) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။**



**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း သင်တန်းသားစံပြဆုရ မန္တလေးတိုင်း မလှိုင်မြို့နယ် နှောကန်ရွာ အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာ ဦးအောင်ဆန်းဝင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

သင်တန်းဆင်းပွဲအခမ်းအနားသို့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော် ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်ထွန်းအောင်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက် ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ၊ အထက်မြန်မာပြည်ရှိ အခြေခံပညာ ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းက အမှာစကားပြောကြားရာ၌ မျက်မှောက်ကာလတွင် ပြည်ထောင်စုတစ်ဝန်းလုံး၌ ဖြန့်ကြက်တည်ဆောက်ပေးခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဖော်ဆောင်သွားနိုင်ရေးအတွက် နယ်ပယ်ကဏ္ဍအသီးသီးတွင် စွမ်းဆောင်ရည်မြင့်မားသည့် မျိုးဆက်သစ်လူငယ်များ ပြည့်ပြည့်စုံစုံရှိနေစေရန် အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍများ၌ အမျိုးသားပညာရည်မြင့်မားရေး နှစ်တို၊ နှစ်ရှည် စီမံကိန်းများ ချမှတ် ဖော်ဆောင်လျက်ရှိကြောင်း။

### အားထုတ်ကြိုးပမ်း

တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ် ပြောင်းလဲနေသည့်ဖြစ်စဉ်နှင့် အသိပညာခေတ်တို့၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ပြီး မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို အသိပညာအခြေခံသော၊ စဉ်ဆက်မပြတ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းအဖြစ် ပညာရေးကဏ္ဍက တည်ဆောက်နိုင်ရေးအတွက် ရည်မှန်းချက်ရှိရှိဖြင့် အားထုတ်ကြိုးပမ်း ဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း၊ ဤရည်မှန်းချက်နှင့်အညီ အမျိုးသားပညာရည်မြင့်မားရေး နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေး၊ နိုင်ငံသားတိုင်း ပညာတတ်မြောက်စေရေးနှင့် အရည်အသွေးမြင့်မားသည့် အသိပညာ၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေးအစီအမံများကို ဟန်ချက်ညီညီပေါင်းစပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

### ချမှတ်ဆောင်ရွက်

နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးအတွက် အခြေခံပညာကျောင်းများတွင် မူလတန်းကြိုအတန်းများ တိုးချဲ့ဖွင့်လှစ်ပေးပြီး ကျောင်းနေအရွယ်မရောက်သေးသော ကလေးများအား ပြုစုပျိုးထောင်ပေးမှု၊ ပညာသင်နှစ်မစတင်မီ နိုင်ငံနှင့်အဝန်း ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးလုပ်ငန်း လှုပ်ရှားဆောင်ရွက်မှုများ၊ ကျောင်းနေမြဲရေးအစီအစဉ်များနှင့် သင်ယူတတ်မြောက်မှု၊ အရည်အသွေး ဆန်းစစ်မှု အစီအစဉ်များ ချမှတ်ဆောင်ရွက်စေခဲ့ကြောင်း။

အခြေခံပညာကဏ္ဍ အနှစ် (၃၀)နှစ်ရှည်စီမံကိန်း မျှော်မှန်းချက်များ အောင်မြင်ရေးအတွက် စီမံကိန်းလုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော်လျက်ရှိသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်၊ ဦးတည်ချက်များ၊ နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိသော ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ၏ လုပ်ငန်းစဉ်များကို အပြည့်အဝ သိမြင်ပြီး မျိုးဆက်သစ်လူငယ်များအား စိတ်ဓာတ်၊ စည်းကမ်း၊ ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် လေ့ကျင့်ပျိုးထောင်သွားကြရမည် ဖြစ်ကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် နိုင်ငံသူ နိုင်ငံသားတိုင်း ပညာသင်ယူနိုင်မှု အခွင့်အလမ်းညီမျှစွာ ရရှိနိုင်စေရန်၊ အဆင့်မြင့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ရွေးချယ်သင်ယူနိုင်သည့် အခြေခံများနှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သော ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာစေရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် အနာဂတ်ကို မျှော်မှန်းသည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သော သတင်းနှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာအခြေခံ အဆောက်အအုံများ၊ နိုင်ငံတကာအဆင့်မီ သုတေသနဌာနများ၊ ကွန်ပျူတာကွန်ရက်စနစ်များ၊ အီလက်ထရွန်နစ်စနစ်များကို တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးထားသကဲ့သို့ ဆက်လက်၍လည်း တည်ဆောက်ပေးလျက်ရှိကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူပြုသည့် ပညာရေးစနစ်ဖြစ်ထွန်းလာရေး၊ အခြေခံပညာရေး အရည်အသွေးမြင့်မားရေးတို့အတွက် အခြေခံပညာအထက်တန်းအဆင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ရေးသားပြုစုခဲ့ပြီး ၂၀၀၈-၂၀၀၉ ပညာသင်နှစ်က စတင်လေ့ကျင့်သင်ကြားပေးလျက်ရှိသကဲ့သို့ ၂၀၀၆ခုနှစ်က စတင်ပြီး ကျောင်းစစ်ဆေးရေးအဖွဲ့များက အခြေခံပညာကျောင်းများနှင့် ပညာရေးကောလိပ်များ၏ ကျောင်းအဆင့်နှင့် ပညာရေးလုပ်ငန်းတစ်ခုချင်းအလိုက် စွမ်းဆောင်မှု အဆင့်များကို သုံးလတစ်ကြိမ် ကွင်းဆင်းစစ်ဆေးခြင်းဖြင့် ထိန်းသိမ်းမြှင့်တင်လျက်ရှိ ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမျိုးသားပညာရည်မြင့်မားရေးအတွက်-

- **ဆရာ ဆရာမများ၏ သင်ကြားမှု အရည်အသွေး ပြည့်ဝရေး**
- **သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေး**
- **သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားရေး၊**
- **ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များကို လေးစားလိုက်နာရေး၊**
- **မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာရေး၊**
- **စာသင်နှစ်အတွင်းမှာ သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများကုန်အောင် သင်ကြားရေး၊**
- **သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို ကျောင်းသားများ တတ်မြောက်ရေး၊**
- **အဆင့်ဆင့်တာဝန်ရှိသူများကလည်း သင်ရိုးညွှန်းတမ်းများ ကုန်/ကုန်မကုန်၊ ကျောင်းသားများ အမှန်တကယ် စာတတ်မြောက်မှု ရှိ/ မရှိ စစ်ဆေးကြပ်မတ်ရေး တို့ကို အထူးအာရုံစိုက် အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များအဖြစ် လမ်းညွှန်မှာကြားထားပြီး ဖြစ်ကြောင်း။**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆရာ ဆရာမများအနေဖြင့် မိမိတို့ကိုယ်တိုင် ဘာသာရပ်ဆိုင်ရာ သင်ကြားမှုအရည်အသွေးများ အစဉ်ပြည့်ဝနေစေရေး ကြိုးပမ်းနေကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများနှင့်အညီ အခြေခံပညာကဏ္ဍတွင် တပ်ဆင်ပေးထားသော ခေတ်မီသင်ကြားရေး အထောက်အကူပြုပစ္စည်းများ အသုံးချ ပြီး ကျွမ်းကျွမ်းကျင်ကျင် သင်ကြားပို့ချနိုင်သည်နှင့်အမျှ ထူးချွန်ထက်မြက်သည့် အသိ ပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာမည် ဖြစ်ကြောင်း။

### ဆက်လက်ထိန်းသိမ်း

ပညာရေးကဏ္ဍ၏ အဓိကစွမ်းအားစုများဖြစ်သည့် ဆရာ ဆရာမများအနေဖြင့် ရရှိဖြစ်ထွန်းနေပြီဖြစ်သော ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပြီး မိမိနိုင်ငံ၏ အမျိုးသားရေး မျှော်မှန်းချက်များနှင့်အညီ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ အောင်မြင်ရေးအတွက် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များဖြင့် အထောက်အကူပြုနိုင်စေရန် ပညာရေးကဏ္ဍကတစ်ဆင့် ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

အမျိုးသားပညာရည်မြင့်မားရေး အခြေခံပညာကဏ္ဍ စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ကြိုးပမ်းအားထုတ်သွားကြရန် ဒေသအလိုက် အကောင်အထည်ဖော်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် အခြေခံပညာကဏ္ဍက ပေါင်းစည်းအထောက်အကူပြုနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ အမျိုးသားရေးစွမ်းအားများ ပေါင်းစည်းမြှင့်တင်နိုင်ရေးအတွက် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များအား အမျိုးသားရေးယုံကြည်ချက်များဖြင့် ဆက်လက်ပြုစုပျိုးထောင်သွားကြရန် တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းက သင်တန်းသားစံပြဆုရ မန္တလေးတိုင်း မလှိုင်မြို့နယ် နှောကန်ရွာ အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြ ကသအမှတ် အီး-၁၆ ဦးအောင်ဆန်းဝင်း၊ သင်တန်းသူစံပြဆုရ မကွေးတိုင်း အောင်လံမြို့နယ် အခြေခံပညာအလယ်တန်းကျောင်းခွဲ အမှတ်(၁၅) ကာကွယ်ရေးပစ္စည်းစက်ရုံမှ မူလတန်းပြ ကသအမှတ် ဒီ-၁၁၄ ဒေါ်ထက်ထက်နိုင်၊ သင်တန်းသား ဖွဲ့လုံ့လဆုရ မန္တလေးတိုင်း မြင်းခြံမြို့နယ် ဆီမီးခုံရွာ အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြ ကသအမှတ် အီး-၁၀၃ ဦးထွေးကို၊ သင်တန်းသူဖွဲ့လုံ့လဆုရရှိကြသည့် စစ်ကိုင်းတိုင်း ရွှေဘိုမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြ ကသအမှတ် စီ-၂၂၇ ဒေါ်စန်းစန်းနှင့် မကွေးတိုင်း အောင်လံမြို့နယ် ကုသိနာရုံရွာ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြ ကသအမှတ် ဒီ-၁၀၅ ဒေါ်သိန်းငွေ၊ စံပြအဆောင်ဆုရ အမျိုးသားအမှတ်(၁) တပ်ခွဲအဆောင် (၇)နှင့် အမျိုးသမီးအမှတ်(၅) တပ်ခွဲအဆောင် (၈)တို့မှ အဆောင်ခေါင်းဆောင်တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းခေါင်းဆောင်များအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းသည် သင်တန်းဆင်း သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### တက်ရောက်ခဲ့ကြ

အဆိုပါ သင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ သင်တန်းသား ၂၂၄ ဦး၊ သင်တန်းသူ ၁၀၈၄ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၃၀၈ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

မြန်မာ့အလင်း **ဖောင်ပိတ်ပရီမီယာလိဂ်သတင်း**

## လီဗာပူးတို့အိမ်ကွင်း၌ ရှုံးပွဲကြုံ

**လန်ဒန် ဒီဇင်ဘာ ၁၃**

ပရီမီယာလိဂ် လက်ကျန်ပွဲအဖြစ် လီဗာပူးနှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ လီဗာပူးတို့ အိမ်ကွင်း၌ ကစားခဲ့ရသော်လည်း အာဆင်နယ်က ဘောလုံးပိုင်ဆိုင်မှုအသာစီးရပြီး ခြေစွမ်းပြကစားနိုင်ခဲ့သည်။

လီဗာပူးတို့ အဖွင့်ဂိုးသွင်းယူနိုင်ရေး တိုက်စစ်အရှိန်မြှင့်တင်ကစားခဲ့ရာ ပထမပိုင်းပွဲပြီးရန် လေးမိနစ်အလိုတွင် တိုက်စစ်မှူး ဒက်ကွတ်က ပယ်နယ်တီ ဧရိယာအတွင်းမှ လီဗာပူးအတွက် အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

အာဆင်နယ်တို့ ချေပဂိုးသွင်းယူနိုင်ရေး လျင်လျင်မြန်မြန် ထိုးဖောက်ကစားခဲ့ရာ ပွဲချိန်မိနစ် ၅၀တွင် နာဆရီဖြတ်တင် ပို့လိုက်သည့်ဘောလုံး လီဗာပူး ကစားသမား ဂလင်ဂျွန်ဆင်နှင့်ထိပြီး ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိ၍ အာဆင်နယ်တို့ ချေပဂိုး ရရှိခဲ့သည်။ ယင်းဂိုးကြောင့် အာဆင်နယ် ကစားကွက်မြင့်လာပြီး တိုက်စစ်အရှိန်မြှင့် ကစားခဲ့ရာ အာရှာဗင်က အာဆင်နယ်အတွက် ဒုတိယဂိုးကို ဂိုးဧရိယာ အပြင်ဘက်မှ သွင်းယူပေးနိုင်ခဲ့သည်။ လီဗာပူးတိုက်စစ်တွင် ဒက်ကွတ်နှင့်တောရက်စ်တို့ ဦးဆောင်ကစားခဲ့သော်လည်း ပွဲအပြီး အာဆင်နယ်က နှစ်ဂိုး -တစ်ဂိုးဖြင့် အနိုင်ရကာ ရမှတ်သုံးမှတ် ထိုက်တန်စွာ ရယူနိုင်ခဲ့သည်။ ယမန်နေ့ည နောက်ဆုံးပွဲစဉ်တွင်လည်း မန်ယူတို့ အိမ်ကွင်း၌ ဗီလာကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ။**(အင်တာနက်)**

အာကာကျော်-စုစည်းသည်

---

## မြန်မာအမျိုးသမီးဘောလုံးအသင်း တတိယရ

ဗီယင်ကျန်း ဒီဇင်ဘာ ၁၃

**(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာအသင်းက မလေးရှားအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**

**မြန်မာ - ခုနစ်ဂိုး။**

**(မာလာထွန်း၊ မိုးမိုးဝါ၊ နန္ဒာလှိုင်၊**

**သူဇာထွေး၊ မိုင်နီလာထွေး၊ ခင်မိုးဝေ၊ မာဂရက်မေရီ)**

**မလေးရှား - တစ်ဂိုး။**

**NORHANISA YAHYA**

**မြန်မာအသင်းမှာ ခြေစွမ်းပြပြီး ဂိုးပြတ်အနိုင်ရခဲ့သော်လည်း တတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ ထိုင်းနှင့် ဗီယက်နမ်တို့မှာ ရှစ်မှတ်စီ တူသော်လည်း ထိုင်းက ဂိုးကွာခြားချက်ဖြင့် ပထမ၊ ဗီယက်နမ်က ဒုတိယ၊ မြန်မာက တတိယ ရရှိပြီး ရှုံးပွဲမရှိခဲ့သော်လည်း ခြောက်မှတ်ဖြင့် တတိယကြေးတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။** (မြန်မာ့အလင်း)

---

## အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဒီဇင်ဘာ ၁၃ရက် ည ၉နာရီ ၁၁မိနစ် ၅၉စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၅၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ဘင်္ဂလားဒေ့ရှ်နိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၃အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

---

## မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ ကွက်ကျားမိုးရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက တစ်ပြည်လုံးတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ယနေ့မြန်မာစံတော်ချိန်မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း 'ဝပ်'သည် သီရိလင်္ကာနိုင်ငံ ဂျက်ဖ်နာမြို့၏ အရှေ့ဘက် မိုင် ၁၈၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး သီရိလင်္ကာနိုင်ငံ ကမ်းခြေကို နောက် ၂၄နာရီအတွင်း ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**ဒီဇင်ဘာ ၁၄ရက်ညနေအထိ ခန့်မှန်းချက်မှာ** ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

# ပြည်မြို့၌ ဒီဇင်ဘာအားကစားလ ပထမပတ် လူထုလူပ်ရှားမှု
## စုပေါင်းလမ်းလျှောက်ပွဲ စည်ကားသိုက်မြိုက်စွာဆင်နွှဲ

ပြည် ဒီဇင်ဘာ ၁၀

**၂၀၀၉ ခုနှစ် ဒီဇင်ဘာအားကစားလ ပထမပတ် လူထုလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၆ နာရီက ပြည်မြို့ ဘုတာကြီးရှေ့စုရပ်၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဗိုလ်မှူးချုပ်စိန်မြင့် တက်ရောက်အားပေးသည်။**

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲကို ပြည်မြို့ ဘူတာကြီးရှေ့စုရပ်မှ ပြည်မြို့နယ်အားကစားကွင်းအထိ သတ်မှတ်ကျင်းပရာ ဒုတိယဥက္ကဋ္ဌဗိုလ်မှူးချုပ်စိန်မြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အားကစား ဝါသနာရှင်များနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား တစ်သောင်းသုံးထောင်ကျော်တို့ အင်တိုက်အားတိုက် ပါဝင်ဆင်နွှဲကြသည်။

ဆက်လက်၍ ပြည်မြို့အားကစားကွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးပြုလုပ်ကြပြီး ကျင်းပရေးဦးစီးကော်မတီက လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲသူများအား ရောင်စုံရုပ်မြင်သံကြားပြစက်၊ ဗီဒီယိုပြစက်နှင့် စက်ဘီးအပါအဝင် ဗလာမပါကံစမ်းမဲများ ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(တိုင်း ပြန်/ဆက်)**

ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် နိုဝင်ဘာ ၁၉ ရက်က ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော အောင် မ င်္ဂ လာ လမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)





ကွန်ဟိန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် အမှတ်(၃)ရပ်ကွက် ပြည်သူများ ပူးပေါင်း၍ အုန်းပန်းလမ်း မြေသားလမ်း ပြုပြင်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၄ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမင်းဟန်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

**အမြို့မြို့ အနယ်နယ် သတင်းများ**

# ဆီဆိုင်မြို့နယ်၌ မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး သင်တန်းဆင်း

**ဆီဆိုင် ဒီဇင်ဘာ ၁**

မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းအမှတ်စဉ်(၃/၂၀၀၉)သင်တန်းဆင်းပွဲ အခမ်းအနားကို ဆီဆိုင်မြို့နယ် ပါလေပါကယ်ကျေးရွာအုပ်စု ဆိုက်ခေါင်စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေး ကြီးကြပ်ကွပ်ကဲရေးဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခိုင်ထွန်းနှင့် တောင်ကြီးခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးအောင်သူတို့က အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးခိုင်ထွန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး
## သံတွဲမြို့နယ် မော်ရုံကျေးရွာ၌ ဆွေးနွေး

**သံတွဲ ဒီဇင်ဘာ ၁၀**

သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိမိသည် ဒီဇင်ဘာ ၁ရက် မွန်းလွဲ ၂နာရီက မော်ရုံကျေးရွာ လူငယ်အားမာန်စာကြည့်တိုက်ကော်မတီနှင့်တွေ့ဆုံ၍ စာကြည့်တိုက် အဆောက်အအုံပေါ်ထွန်းရေး၊ ပရိဘောဂများပြည့်စုံရေး၊ စာကြည့်တိုက်ရှင်သန်ခိုင်မာရေး၊ စာကြည့်တိုက်ရေရှည်တည်တံ့ဖွံ့ဖြိုးရေးနှင့် ရန်ပုံငွေတိုးတက်ရရှိနိုင်မည့်နည်းလမ်းများဆောင်ရွက်ပြီး စာအုပ်စာစောင်တိုးပွားရေးကိစ္စရပ်များကို ဆွေးနွေးသည်။**(အောက်ပုံ)** တွေ့ဆုံဆွေးနွေးပွဲသို့ မော်ရုံကျေးရွာစာကြည့်တိုက် ကော်မတီဝင်များ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**



# အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ်
## ပညာပေးဟောပြောပွဲ ရမည်းသင်း၌ ကျင်းပ

**ရမည်းသင်း ဒီဇင်ဘာ ၉**

မန္တလေးတိုင်း ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသည့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှု အန္တရာယ်ဆိုးကျိုးများနှင့်ပတ်သက်၍ ပညာပေးဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ရက် နံနက် ၉ နာရီခွဲက ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသည်။

**ပညာပေး**

ရှေးဦးစွာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒုတိယကျောင်းအုပ်ဆရာကြီး ဦးဝင်းရွှေက အမှာစကားပြောကြားပြီး ကျောင်းကျန်းမာရေးတာဝန်ခံဆရာဝန် ဒေါက်တာထက်နဝေက အိမ်သုံးဆေးဝါးများ အလွဲသုံးစွဲမှု အန္တရာယ်ကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (မူးယစ်အထူး)အဖွဲ့မှ ဒုတိယရဲအုပ်ခင်မောင်ကျော်က မူးယစ်ဆေးဝါးများ ကာကွယ်တားဆီးရေးများကို လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲအုပ်ခင်မောင်မျိုးက အိမ်သုံးဆေးဝါးများအလွဲသုံးစွဲမှု ဆိုးကျိုးများနှင့်ပတ်သက်၍လည်းကောင်း အသီးသီး ပညာပေး ဟောပြောကြသည်။

**တက်ရောက်**

ပညာပေးဟောပြောပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ တက်ရောက်ကြသည်။

(၁၆၉)




**ကျေးလက်လမ်းကောင်းမွန်ရေး**

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်လမ်းများ ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ အနီးစခန်းရှိ ကျွဲနွားဒေါက်ကျေးလက်လမ်း ကျောက်ချောခင်းရန်အတွက် ကျောက်များ စုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

**ဝိုင်းမော်၌ မီးသတ်လေ့ကျင့်ရေး သင်တန်းဖွင့်**

***ဝိုင်းမော် ဒီဇင်ဘာ ၃***

*ဝိုင်းမော်မြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော အရန်မီးသတ်သင်တန်းတပ်ဖွဲ့ဝင်များ၏ လေ့ကျင့်ရေးသင်တန်းအမှတ်စဉ်(၄/၂၀၀၉) သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၆ရက် နံနက် ၇နာရီက မြို့နယ်အားကစားကွင်း၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဝင်းက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းသို့ သင်တန်းသား ၁၀၀ တက်ရောက်ကြကာ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။* ***(မြို့နယ် ပြန်/ဆက်)***




# ဖျာပုံမြို့နယ်၌ အရဏ်ဦးစာကြည့်တိုက် တည်ဆောက်
## စာအုပ်စာစောင်များ တိုးပွားရရှိရေး ဆွေးနွေး

**ဖျာပုံ ဒီဇင်ဘာ ၃**

ဖျာပုံခရိုင် ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာအုပ်စု သလိပ်ကလေးကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်နေသည့် အရဏ်ဦးကျေးရွာစာကြည့်တိုက် ဆောက်လုပ်နေမှုအခြေအနေကို ဖျာပုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ကြည်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်မာမာလွင်တို့သည် နိုဝင်ဘာ ၂၇ရက် ညနေပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ စာကြည့်တိုက်အတွက် စာအုပ်စာစောင် တိုးပွားရရှိရေး၊ ပရိဘောဂများရရှိစေရေး၊ စာငှားကတ်စနစ်ဖြင့်ဆောင်ရွက်ရေးနှင့် ဆောက်လုပ်လျက်ရှိသောစာကြည့်တိုက်အား သတ်မှတ်ရက်အတွင်း ဆောက်လုပ်ပြီးစီးရေးတို့ကို ရှင်းလင်းဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**



တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ခရိုင်ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်နှင့် အရိပ်ရပင်များ စနစ်တကျ ပျိုးထောင်ထားရှိမှုကို နိုဝင်ဘာ ၇ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးကျော်သူနှင့် အင်ဂျင်နီယာမှူး ဦးစိုင်းလောဝ်ခမ်းတို့က လိုက်လံရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

# အဖိုးအနဂ္ဃထိုက်တန်သည့် ဇီဝိတဒါန

## ဒေါက်တာအောင်စိုး(ခ)အောင်ကျော်မိုး (အငြိမ်းစား ပြည်နယ်ဆေးရုံအုပ်ကြီး)

၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်သည် (၃၃)ကြိမ်မြောက် သွေးလှူရှင်များနေ့ဖြစ်သည်။ နှစ်စဉ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် သွေးလှူရှင်များနေ့ကို ကျင်းပပြီး စေတနာသွေးလှူရှင်နှင့် ရဟန်းရှင်လူအများကို ပူဇော်ဂုဏ်ပြုခဲ့ကြသည်။ ချီးကျူးဂုဏ်ပြုထိုက်သူအား ချီးကျူးဂုဏ်ပြုခြင်းသည် မင်္ဂလာရှိလှပြီး ကျန်းမာရေးဝန်ကြီးဌာနက သွေးသွင်းကုသမှုခံယူခဲ့သည့် လူနာများကိုယ်စား စေတနာသွေးလှူရှင်များအား ကျေးဇူးတင် ဂုဏ်ပြုချီးမြှင့်သည့်ပွဲပင်ဖြစ်သည်။ ၂၀၀၈ခုနှစ်(၃၂)ကြိမ်မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲနောက်ပိုင်း အကြိမ်(၅၀)နှင့်အထက် သွေးလှူရှင်များနှင့် ၂၀၀၉ခုနှစ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရက ချီးမြှင့်သည့် လူမှုထူးချွန် (ပထမ၊ ဒုတိယ၊ တတိယဆင့်)ဆုရ သွေးလှူရှင်များအား ဂုဏ်ပြုသည့်အခမ်းအနား ဖြစ်သည်။ နိုင်ငံတော်မှ စေတနာသွေးလှူရှင်များ၏ မွန်မြတ်သန့်စင်လှသည့် ဇီဝိတဒါနအား အသိအမှတ်ပြုကာ ကျေးဇူးတရားကို တုံ့ပြန်၍ ဂုဏ်ပြုဆုတံဆိပ်၊ဆုပစ္စည်းနှင့်ဂုဏ်ပြုလွှာများ ဆက်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်ထောက်ပံ့ခြင်းစသည့် မင်္ဂလာအပေါင်းနှင့် ခညောင်းသည့်အစီအစဉ်များ ပါဝင်သော အခမ်းအနားပင် ဖြစ်သည်။

လွတ်လပ်ရေးမရမီကာလ ၁၉၃၉ခုနှစ်တွင် ရန်ကုန်ဆေးရုံကြီး၌ သွေးလှူဘဏ်ကို စတင်ဖွင့်လှစ်ခဲ့ရာ ငွေကြေးစနစ်ဖြင့်သာ ဆောင်ရွက်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် စေတနာသွေးလှူရှင်များ အများအပြား ပေါ်ပေါက်လာကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသွေးလှူဘဏ်မှ "ဗဟိုအမျိုးသားသွေးလှူဘဏ်" အဖြစ်သို့ အသွင်ကူးပြောင်းခဲ့သည်။ စာရေးသူသည် ၁၉၆၆ ခုနှစ် မေလတွင် ဗဟိုအမျိုးသားသွေးလှူဘဏ်တွင် အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်ကို ဂုဏ်ယူစွာဖြင့် အမှတ်တရဖြစ်နေဆဲဖြစ်သည်။ ထို့အပြင် ၁၉၇၆ခုနှစ်တွင် ပဲခူးတိုင်း ကဝမြို့နယ် သက္ကလတိုက်နယ်ဆေးရုံ၌ တိုက်နယ်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်နေစဉ် သက္ကလကျေးရွာ အမျိုးသားသွေးလှူဘဏ်ခွဲကော်မတီကို ထိုစဉ်က အာဏာပိုင်အဖွဲ့အစည်းနှင့်ဆေးရုံကြီးကြပ်မှုကော်မတီတို့နှင့်ပူးပေါင်းဖွဲ့စည်းကာ ခန္ဓာကိုယ်အတွင်း သွေးသိုလှောင်ခြင်းစနစ်ဖြင့် အနီးစပ်ဆုံး ကဝမြို့နယ်ဆေးရုံ၏ ဆက်သွယ်မှုဖြင့် သက္ကလတိုက်နယ်ဆေးရုံတွင်ပင် သွေးလိုအပ်လျက်ရှိသော မွေးလူနာ၊ သွေးကင်ဆာလူနာ၊ သွေးတိတ်မှုစနစ်မှုမမှန်သော သွေးယိုစီးမှုလူနာ၊ ထိခိုက်ဒဏ်ရာလူနာများအား သွေးသွင်းကုသမှုပေးခဲ့သည်ကိုလည်း ယနေ့ထက်တိုင် ပီတိဖြစ်လျက်ရှိသည်။ ထိုသွေးလှူရှင်များတွင် ကံအားလျော်စွာ ငှက်ဖျားနှင့် ကာလသားရောဂါပိုးမတွေ့ရှိခဲ့ကြောင်း၊ ကဝမြို့နယ်ပြည်သူ့ဆေးရုံမှ ပြန်ကြားပေးပို့သည့် ဓာတ်ခွဲခန်း အဖြေများကိုလည်း မှတ်တမ်းတင်နိုင်ခဲ့သည်။ နိုင်ငံတော်အစိုးရက ၂၉-၁-၂၀၀၃ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးလှူဘဏ်ကို ပိုမိုပြီးပြည့်စုံသော ခေတ်မီအမျိုးသားသွေးဌာနသို့ အသွင်ကူးပြောင်း ဖွင့်လှစ်ခဲ့သည်။

၁၈၈၀ခုနှစ်တွင် အင်္ဂလိပ်သားဖွားနှင့် မီးယပ်ပါရဂူ James Blundell က ပထမဆုံးလူတစ်ဦးမှ တစ်ဦးသို့ အောင်မြင်စွာ သွေးသွင်းနိုင်ခဲ့သော်လည်း ကျန်စမ်းသပ်မှုများစွာတွင် လူနာများ အသက်ဆုံးရှုံးခဲ့ရသည်။ ၁၉၀၁ ခုနှစ်တွင် ဆေးပညာရှင်ကြီး Karl Landsteiner က A,B,O သွေးအုပ်စု တွေ့ရှိပြီးနောက်ပိုင်း ၁၉၃၉ ခုနှစ်တွင် Rh Positive နှင့် Rh Negative သွေးအုပ်စု၏ အရေးပါမှုကို ပညာရှင်များ ထပ်မံဖော်ထုတ်နိုင်ခဲ့သည်။ မြန်မာတိုင်းရင်းသားများတွင် Rh Positive ၉၉ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး Rh Negative မှာ သုည ဒသမ ၅ ရာခိုင်နှုန်းသာရှိသော်လည်း အနောက်ဥရောပနိုင်ငံများတွင်မူ Rh Negative မှာ ၁၅ ရာခိုင်နှုန်းခန့်ရှိကြောင်း ဗဟိုအမျိုးသားသွေးဌာနမှ ဆရာဝန်ကြီး ဒေါက်တာသီတာအောင် ရေးသားသည့် "စေတနာဖြူစင် သွေးလှူရှင်" ဆောင်းပါးအရ မှတ်သားခဲ့ရသည်။

မြန်မာနိုင်ငံတွင် ပြည်သူနှင့် လူမှုရေးအသင်းအဖွဲ့များက သွေးလှူရှင်များ စုဆောင်းပေးခြင်း၊ ပို့ဆောင်ဆက်သွယ်ပေးခြင်း၊ငွေကြေးအထောက်အပံ့ပေးခြင်း၊ သွေးသိုလှောင်မှုဆိုင်ရာ စက်ကိရိယာပစ္စည်းများ ထောက်ပံ့ပေးခြင်းစသည့် မွန်မြတ်သည့်ကူညီမှုများကို တစ်တပ်တစ်အား တက်ကြွစွာ ပေးဆောင်နေသည်ကို အားတက်ဝမ်းမြောက်ဖွယ်ရာ မြင်တွေ့ရသည်။ ထို့အတူ သွေးလှူဘဏ်ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားရေးအတွက် နိုင်ငံတော်က ပြည်တွင်းပြည်ပတွင် နည်းပညာရပ်ဆိုင်ရာ သင်တန်းများ လေ့ကျင့်ပို့ချပေးနေသကဲ့သို့ သွေးလှူရှင်များ ရှာဖွေစုဆောင်းရာ၌ သတိပြုရမည့် အချက်အလက်စသည်များကိုလည်း ဆေးလူမှုဆက်ဆံရေးမှူးများအား သင်တန်းပို့ချ ပေးလျက်ရှိသည့်အပြင် အန္တရာယ်ကင်းစင်သည့် သွေးသွင်းနိုင်ရေး အစီအစဉ်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုကိုခံယူကာ နိုင်ငံသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဘက်စုံထောင့်စုံမှ ဆောင်ရွက်ပေးနေသည်။ ရောဂါကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုထောက်လှမ်းခြင်း၊ ထိရောက်စွာကုသမှုပေးခြင်း၊ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍပေါင်းစုံတွင် သွေးသွင်းကုသမှုသည် မရှိမဖြစ်သည့် ဆောင်ရွက်မှုတစ်ခုဖြစ်သည်။ အထူးသဖြင့် ကုသမှုလုပ်ငန်းများတွင် သွေးသည် အထူးလိုအပ်သဖြင့် စေတနာသွေးလှူရှင်များ၏ သွေးလှူဒါန်းမှုကို အစဉ်အမြဲ လက်ကမ်းကြိုဆိုလျက်ရှိသည်။ စေတနာသွေးလှူရှင်များသည် အန္တရာယ်ကင်းသော သွေးသွင်းကုသမှု၏ အဓိကစွမ်းဆောင်ရှင်များဖြစ်နေပေရာ ကျန်းမာရေးနှင့် ညီညွတ်ပြီး အန္တရာယ်ကင်းအောင် ပြုမူနေထိုင်ကာ မိမိကိုယ်ကိုယ်မိမိ တာဝန်ယူရဲသူများဖြစ်ကြသည်။

နှစ်စဉ် သန်းပေါင်းများစွာသော အသက်များအား သွေးသွင်းကုသခြင်းဖြင့်ကယ်ဆယ်လျက်ရှိသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သွေးနှင့်သွေးပစ္စည်းများ လုံလောက်စွာမရရှိ သောကြောင့်အသက်ဆုံးရှုံးမှုများရှိနေဆဲဖြစ်သည်။ သွေးမရရှိမှုကြောင့် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ ထိခိုက် ဒဏ်ရာရရှိသူများ၊ ဆင်းရဲနွမ်းပါးသူများကို ပိုမိုအန္တရာယ်ဖြစ်စေလျက်ရှိသည်။ ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်းနှင့် ဆက်စပ်နေသောဖြစ်ရပ်များ၊ အာဟာရချို့တဲ့မှု၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ အသက်အန္တရာယ်ဖြစ်စေလောက်သည့် သွေးအားနည်း၊ သွေးဖျော်ရောဂါ၊ သွေးခဲမှုပုံမမှန်သော သွေးယိုစီးမှု၊ သွေးကင်ဆာ၊ အရေးပေါ်နှင့် ပုံမှန်ခွဲစိတ်ကုသမှု၊ ထိခိုက်ဒဏ်ရာ၊ အသည်း၊ ကျောက်ကပ်၊ ရိုးတွင်းခြင်ဆီစသည့် ခန္ဓာကိုယ် အစိတ်အပိုင်းအစားထိုးကုသမှု၊ ကိုယ်ချင်းဆက်အမြှာခွဲစိတ်ကုသမှုစသည့် မရေမတွက်နိုင်သည့် ခွဲစိတ်ကုသမှု အမျိုးအစားများအတွက် သွေးနှင့်သွေးပစ္စည်းများသည် အဓိကလိုအပ်ချက်တစ်ခု ဖြစ်နေပေသည်။ စက်မှုနှင့်နည်းပညာ အလွန်တိုးတက်ထွန်းကားလာသဖြင့် သွေးမှ သွေးပစ္စည်းအမျိုးမျိုး (ဥပမာ-သွေးနီဥ၊ သွေးဖြူဥ၊ သွေးဥမွှား၊ သွေးရည်ကြည်၊ အခြားသွေးဓာတ်ပစ္စည်း)ကို ခွဲခြားထုတ်ယူ၍ ရောဂါအမျိုးအစားအလိုက်လိုအပ်သော သွေးပစ္စည်းအမျိုးအစားကို ပိုင်းခြားပေးသွင်းကုသခြင်းများပင် ဆောင်ရွက်လာနိုင်ပြီဖြစ်သော်လည်း လူ့သွေးကို အတုလုပ်၍ မရနိုင်သေးပါ။ အခြားနည်းလမ်းဖြင့် ထုတ်လုပ်၍ လည်းမရနိုင်သည့်အပြင် လူ့သွေးကို ကြာရှည် (၃၅ ရက် ခန့်ထက်ပို) သိုလှောင်ထားခြင်းလည်း မပြုလုပ်နိုင်ပါ။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါသွေးသွင်း ကုသမှုကိစ္စရပ်များအတွက် လိုအပ်သည့်သွေးကို စေတနာသွေးလှူရှင်များထံမှသာ ရရှိနိုင်သည်။

သွေးလှူဒါန်းခြင်းကြောင့် မည်သည့်အန္တရာယ်မှမဖြစ်နိုင်သည့်အပြင် လူ့ခန္ဓာကိုယ်မှ သွေးများသည် ရက်ပေါင်း ၁၂၀(လေးလ)ကြာလျှင် အလိုအလျောက် ပျက်စီးသွားကာ သွေးအသစ်များ ဖြစ်တည်လာစမြဲဖြစ်၍ အလိုအလျောက် ပျက်စီးခံမည့်အစား လေးလတစ်ကြိမ် သွေးလှူဒါန်းခြင်းသည် အလွန်လျော်ကန်သင့်မြတ်သည့် လုပ်ဆောင်မှုပင်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်ပြီး အရွယ်ရောက်ပြီးသူတိုင်း အသက် (၁၈)နှစ်မှ (၆၀)အတွင်း ကျား၊မ မရွေးသွေးပေါင်ချိန်ပြည့်မီသူ၊ အနီးမီးယားသွေးဖျော့ရောဂါ (ဟီမိုဂလိုဘင် ၁၂ Gram/dlအောက်)မရှိသူများသည် သွေးလှူဘဏ် သွေးဌာနမှ ဆရာဝန်၏ စမ်းသပ်စစ်ဆေးမှုကိုခံယူပြီး လေးလတစ်ကြိမ် သွေးလှူဒါန်းနိုင်သည်။

တာဝန်ရှိသူများက သွေးလှူရှင်အား အနားယူစေခြင်းနှင့် ဖြည့်စွက်အာဟာရ စားသောက်စေခြင်း စသည်တို့ကို ဆောင်ရွက်ပေးသည့်အပြင် မိမိတွင် HIV/AIDS၊ အသည်းရောင် ဘီပိုး၊ စီပိုး၊ ကာလသားရောဂါ၊ သွေးပေါင်ချိန်နှင့် သွေးဖျော့ရောဂါ စသည်များအကြောင်းကိုလည်း စမ်းသပ် သိရှိခွင့်ရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ သွေးလှူဒါန်းနိုင်သည့် အရည်အချင်းနှင့်ပြည့်စုံသူပြည်သူလူထုတစ်ရပ်လုံးကကျန်းမာ၍အန္တရာယ်ကင်းသော နေထိုင်မှုအကျင့်စရိုက်များကို မွေးမြူကျင့်ကြံ၍ လူနာများအတွက် လိုအပ်သည့်သွေးကို လိုအပ်ချိန်တွင် ရရှိရန် ဝိုင်းဝန်းကူညီ လှူဒါန်းပေးကြပါရန် ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။



# မွန်ပြည်နယ်ဥက္ကဋ္ဌဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၃

၂၀၀၉ခုနှစ် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂ရက် ညနေ ၃နာရီတွင် မော်လမြိုင်မြို့ ရာမညအားကစားကွင်း၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူးသည် ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ဆုရရှိကြသော အသင်းများအား ဆုများပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

# အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးနေ့ ပြည်မြို့တွင် အခမ်းအနားကျင်းပ၊ ဆုများချီးမြှင့်

ပြည် ဒီဇင်ဘာ ၁၃

၂၀၀၉ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၁ရက် နံနက် ၉နာရီက ပြည်မြို့ တိုင်းကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ပဲခူးတိုင်း အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာနေမျိုးအုန်းက ၂၀၀၉ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သော "အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့ခွဲခြားမှုကို ရှောင်ကြဉ်လို့ အားလုံးပူးပေါင်း ဆောင်ရွက်စို့" ဖြစ်ပေါ်လာပုံအကြောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် ကမ္ဘာ့ခုခံအား ကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်စာစီစာကုံး၊ ကဗျာနှင့် ကာတွန်းပြိုင်ပွဲ ပထမဆု ရရှိသူများအား ဆုများချီးမြှင့်ပြီး ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ခင်းကျင်းပြသထားသော ပညာပေးပြခန်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။ **(တိုင်း ပြန်/ဆက်)**

# ပြည်မြို့နယ် ပျဉ်းမအိုင်ကျေးရွာ မျိုးဆက်သစ်အားမာန် စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ လှူဒါန်းပွဲကျင်းပ

ပြည် ဒီဇင်ဘာ ၁၃

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့နယ် ပျဉ်းမအိုင်ကျေးရွာရှိ မျိုးဆက်သစ်အားမာန် စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင် လှူဒါန်းပွဲကို နိုဝင်ဘာ ၃၀ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဦးစီးမှူး ဦးတင်အောင်ညွန့်က အမှာစကားပြောကြားပြီး အလှူရှင် ဦးမျိုးလှိုင်က စာအုပ်လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

**လှူဒါန်း**

ထို့နောက် စာအုပ်အလှူရှင် စမ်းချောင်းမြို့နယ် ဇလွန်လမ်းနေ ဦးမျိုးလှိုင်-ဒေါ်ရင်ရင်ငွေ၊ သမီးဒေါက်တာလွင်လွင်ဦးလှိုင် (စာရေးဆရာမဒေါက်တာလမင်း (ခ) မဦး) မိသားစုမှသုတ၊ ရသစာအုပ်မျိုးစုံ ၇၅အုပ်၊ ဦးတင်ဝင်း-ဒေါ်ဌေးဌေးရီ မိသားစုမှ စာအုပ်၊ စာစောင် ၁၇၄အုပ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာအုပ်မျိုးစုံ ၈၅အုပ် စုစုပေါင်းစာအုပ် ၃၃၄အုပ် တန်ဖိုးငွေကျပ် ၁၁၇၃၀၀ကို လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူး ဦးဝင်းဦးက လက်ခံယူသည်။ ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဦးဝင်းမြင့်က အလှူရှင် ဦးမျိုးလှိုင် မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ **(တိုင်း ပြန်/ဆက်)**



**ပြည်မြို့နယ် ပျဉ်းမအိုင်ကျေးရွာရှိ မျိုးဆက်သစ်အားမာန်စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်လှူဒါန်းပွဲ အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးဝင်းမြင့်က အလှူရှင်ဦးမျိုးလှိုင် မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။** (တိုင်း ပြန်/ဆက်)

# မိုးမြေချစ်သူ (The Little Nyonya) ဇာတ်လမ်းတွဲမှ သရုပ်ဆောင်များ မြန်မာနိုင်ငံသို့ လာရောက်မည်

*နေပြည်တော် ဒီဇင်ဘာ ၁၃*

*မြန်မာ့ရုပ်မြင်သံကြား၌ အပတ်စဉ် စနေနှင့် တနင်္ဂနွေည ၇နာရီနှင့် ၈နာရီအကြား တင်ဆက်ပြသလျက်ရှိသော မိုးမြေချစ်သူ (The Little Nyonya) ဇာတ်လမ်းတွဲကို မြန်မာ့ရုပ်သံပရိသတ်များ နှစ်ခြိုက် လှုကြိုက်များလျက်ရှိသည်။*

*အဆိုပါ ဇာတ်လမ်းတွဲအပြီးတွင် Together အမည်ရှိ စင်ကာပူရုပ်သံ ဇာတ်လမ်းတွဲတစ်ပုဒ်ကို တင်ဆက်ပြသခွင့်ပြုရန် စင်ကာပူနိုင်ငံရှိ World Wide Wealth Pte., Ltd.ကုမ္ပဏီသည် မြန်မာနိုင်ငံရှိ ကုမ္ပဏီတစ်ခုနှင့် ချိတ်ဆက်စီစဉ်လျက်ရှိသည်။*

*Together ဇာတ်လမ်းတွဲတွင် မိုးမြေချစ်သူ ဇာတ်လမ်းတွဲ၌ ပါဝင်သော သရုပ်ဆောင်များဖြစ်သည့် ရဲ့လျန် (Jeanettet Aw) နှင့် ယာမာမိုတိုယူဆူကီ(ဂျပန်)အဖြစ် သရုပ်ဆောင်သူ (Dai Yang Tian)တို့ အဓိက ပါဝင်သရုပ်ဆောင်ထားကြသည်။*

*အဆိုပါ Together ဇာတ်လမ်းတွဲကို မိတ်ဆက်မြှင့်တင်ရေးအစီအစဉ်အဖြစ် ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလလယ်ခန့်တွင် မိုးမြေချစ်သူနှင့် Together ဇာတ်လမ်းတွဲများ၌ ပါဝင်သော ရဲ့လျန်နှင့် ယာမာမိုတိုယူဆူကီ(ဂျပန်)တို့ World Wide Wealth Pte., Ltd. ကုမ္ပဏီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း၊World Wide Wealth Pte., Ltd. ကုမ္ပဏီသည် စင်ကာပူနိုင်ငံမှ ရုပ်သံဇာတ်လမ်းတွဲများနှင့် မီဒီယာလုပ်ငန်းများကို မြန်မာနိုင်ငံ၏ ဈေးကွက်အတွင်းသို့ ဝင်ရောက်နိုင်ရေးအတွက် ကြိုးပမ်းရှာဖွေနေသော ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။* ***(သတင်းစဉ်)***



# ဒဂုံမြို့သစ်(တောင်ပိုင်း) ပြန်/ဆက် ဦးစီးဌာန စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မိုးမိုးဝင်းနှင့် အဖွဲ့သည် ဒီဇင်ဘာ ၉ရက်က အမှတ်(၇၀)ရပ်ကွက် သုတစွယ်စုံကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ စာကြည့်တိုက်များ ရှင်သန်ခိုင်မာပြီး စံ(၅)ချက်နှင့်ပြည့်စုံသော စာကြည့်တိုက် ဖြစ်တည်ရေးအတွက် ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များအား တွေ့ဆုံကြသည်။

**ဆွေးနွေး**

ဆွေးနွေးပွဲတွင်ရရှိပြီး စာအုပ်များ စနစ်တကျ ထိန်းသိမ်းရေး၊ အလှူရှင် တိုးပွားရေး၊ စာငှားကတ်စနစ်ကျင့်သုံးပြီး ရန်ပုံငွေရရှိရေးတို့ကို မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝင်းက ဆွေးနွေးရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဇော်ထွေးက ပြန်လည်ဆွေးနွေးသည်။**(အပေါ်ပုံ)**

ထို့နောက် ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အိအိသူက စာရေးဆရာ ချစ်စံဝင်း၏ အရှုံးပေါ်ကအမြတ်စာအုပ်မှ အောင်မြင်သူနှင့် ရှုံးနိမ့်သူ ဆောင်းပါးကို ဖတ်ကြားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အထက(၃) ဒဂုံ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

အထက(၃)ဒဂုံ (ယခင်မြို့မ အမျိုးသမီးကျောင်း)၏ကျောင်းသားကျောင်းသူဟောင်းများ ဦးစီးသည့် (၁၇)ကြိမ်မြောက် အငြိမ်းစားဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ကျောင်းသားကျောင်းသူဟောင်းများ ပြန်လည် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက အထက(၃)ဒဂုံ ဖုန်း-၀၁-၂၂၂၇၄၆၊ ဒေါက်တာခင်ခင်ထား ဖုန်း-၀၉-၅၀၁၄၉၃၃၊ နန်းဝတ်ရည်နှင်းကြည်ဦး၊ ကိုအောင်ငြိမ်းချမ်း ဖုန်း-၀၉-၅၁၆၀၅၈၆၊ ကိုအောင်ကိုလင်း ဖုန်း-၀၉-၉၉၂၁၅၈၃၊ ကိုရဲမင်းဦး ဖုန်း-၀၁-၇၀၈၅၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ပညာရေး)**

# တပ်မတော်ကလေးများ အထက အာစရိယပူဇော်ပွဲ

*ရန်ကုန် ဒီဇင်ဘာ ၁၃*

*ဗထူးတပ်မြို့ အခြေခံပညာအထက်တန်းကျောင်း ယခင်တပ်မတော်ကလေးများ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၅ရက်တွင် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့ အထက၌ ကျင်းပမည်ဖြစ်သည်။ လိုက်ပါလိုသည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဦးဘုန်းအောင် ဖုန်း-၅၂၅၇၀၇၊ ဦးမောင်မောင်သန်း ဖုန်း-၀၉-၅၀၄၄၆၁၃၊ ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၁၃၅၇၇၂၊ ဦးညွန့်အောင် ဖုန်း-၂၄၆၂၈၃၊ ဦးဇော်မြင့်ဦး ဖုန်း-၀၉-၅၁၅၁၅၉၀၊ ဦးစိုးဝဏ္ဏ ဖုန်း-၅၀၂၉၂၁၊ ဒေါ်မေရီအောင် ဖုန်း-၀၉-၅၀၅၈၁၄၀၊ ဒေါ်ခင်သန်းဝေ ဖုန်း-၀၉-၅၀၇၇၅၀၃၊ ဒေါ်ခင်နီနီအောင် ဖုန်း-၀၉-၅၀၄၇၄၁၁၊ ဒေါ်စိုးစိုးရီ ဖုန်း-၀၉-၅၀၁၅၆၃၅၊ ဒေါ်ယဉ်ယဉ်သောင်း ဖုန်း-၀၉-၅၁၄၂၀၂၅၊ ဦးသန်းမောင် ဖုန်း-၀၈၁-၄၀၃၁၇၊ ဦးစိမ်းမောင် ဖုန်း-၀၈၁-၄၀၂၈၇၊ ဦးအောင်သန်း ဖုန်း-၀၈၁-၄၀၁၂၀၊ ဦးကျော်ကျော်မင်း ဖုန်း-၀၈၁-၄၀၀၄၄၊ ဦးမြင့်အောင် ဖုန်း-၀၈၁-၄၀၁၁၅၊ ဦးမောင်မောင်စိန် ဖုန်း-၀၈၁-၄၀၂၈၁နှင့် ဦးစိုးမြင့် ဖုန်း-၀၈၁-၄၀၁၁၉ တို့သို့ ဒီဇင်ဘာ ၁၇ရက်နောက်ဆုံးထား၍ ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်သည်။*

***(မြန်မာ့အလင်း)***

## နေပြည်တော်မြန်မာ့အသံ

**(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)**
**(၁၅-၁၂-၂၀၀၉)**

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် **(မင်္ဂလသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင် (ကြွေးဟောင်းဆပ်ကြစေချင်)
၈း၄၀ တေးပဒေသာ
၉း၀၀ အစီအစဉ်ပြီး၏။
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးကြင်းပေါင်း-ပဲသီးသနပ်နဲ့ ငါးခေါင်းချဉ်ရည်)
၁၀း၅၅ တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ Talk on Line (သအို)
၁၁း၅၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန် Current Song-2
၁၂း၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၂း၄၀ ပြုံးပဒေသာ (ကျေးလက်ဟာသများ)
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ် (သတ္တမတန်း-သမိုင်း) တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ မေတို့တွက်တာ အလှကမ္ဘာ (အဝတ်အစား အရောင်အသွေး)
၁၇း၁၀ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၇း၄၅ ထူးဆန်းထွေလာဥမြေကမ္ဘာ(၁၈)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ ၁။ ထို့ကြောင့် မိန်းမဟုခေါ်သည် (တက္ကသိုလ်စိန်တင်) ၂။ အချစ်ကြီးချစ်ခဲ့သူများ (သောင်းထိုက်) တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ဇာတ်လမ်းပမာနားဆင်စရာ (နှလုံးသားထဲကဒဏ်ရာ)
၁၉း၃၀ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၁၀ တေးစီးရီး (ဒီကမ္ဘာမှာ-Bambino) စီးပွားရေးဦးတည်ချက်
၂၁း၀၀ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၂၁း၁၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။



တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မကာဟိုခမ်းရပ်ကွက် သစ္စာလမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကိုအငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မာလာဦးက ဦးဆောင်၍ ဆောင်ရွက်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးတင်ဝမ်းမောင်က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် အဖွဲ့ပိုင်ပန်းခြံတွင် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမျိုးဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



**တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၆ရက်က မလွကုန်းဈေးကွယ်(က)ရပ်ကွက် ဥက္ကဋ္ဌ ဦးကျော်မင်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ရင်းတပ်ခွဲမှူး ဦးမြတ်မင်းစိုးနှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ရပ်ကွက်အတွင်း မီးသုံးစွဲမှုများကို စစ်ဆေးကြစဉ်။**

(၁၇၁)



## မြန်မာ့အလင်း စာတည်းထံပေးစာများ

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။**

### သုံးထပ် ရေယာဉ် ပြန်လည်ပြေးဆွဲပေးစေလို

**စာတည်းခင်ဗျား-**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ပိုင် ရန်ကုန်-ဖျာပုံခရီးစဉ်ကို ပြည်သာယာ၊ ပြည်ငြိမ်းချမ်း၊ ပြည်မြန်မာ၊ ပမ္မဝတီစသည့် သုံးထပ်ရေယာဉ်ကြီးများဖြင့် ပြေးဆွဲနေရာမှ နှစ်ထပ်ခွဲဗလရေယာဉ်ငယ်များဖြင့် ပြေးဆွဲနေသည့်အတွက် ခရီးသည်များ အခက်တွေ့နေကြရာ ခရီးသည်များ ခရီးသွားလာမှု လွယ်ကူချောမွေ့ရေးနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်ရေးအတွက် ယခင်သုံးထပ်ရေယာဉ်များဖြင့် ပြန်လည်ပြေးဆွဲပေးပါရန် တင်ပြအပ်ပါသည်။

**ဖျာပုံသား**

### မုန့်ဖတ်ချဉ်နံ့များကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား-**

မိတ္ထီလာမြို့ ပြည်သာယာတိုးချဲ့ ရပ်ကွက် AMDA ဆေးခန်းအနီးရှိ ပဲကြော်၊ ပဲလှော်ဖိုနှင့်မုန့်ဖတ်လုပ်ငန်းသည် နံနက် ၆နာရီမှ ညနေ ၆နာရီအထိ အကြော်အလှော်နှင့် မုန့်ဖတ်များ ပြုလုပ်လျက်ရှိရာ ပဲလှော်၊ ပဲကြော်ဖိုမှ ညှော်နံ့နှင့် မုန့်ဖတ်ချဉ်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်ကြရပါသဖြင့် အဆိုပါလုပ်ငန်းကို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ညှော်နံ့မခံနိုင်သူများ**

### ဆူညံသံများကြောင့် အနှောင့်အယှက်ဖြစ်ရ

**စာတည်းခင်ဗျား-**

အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ရွှေပြည်အေးလမ်းတွင် ပေ၄၀ Container နှစ်လုံးအားအခြေထားပြီး သံထည်(Beam)များဖြင့် Shelter ဆောက်လုပ်၍ ကားကြီးကားငယ်များစွာတို့အား ပြုပြင်ရာတွင် ထုထောင်းခြင်း၊ ကျောက်စက်တိုက်စားခြင်း၊ ဂဟေဆော်ခြင်းတို့ ပြုလုပ်လျက်ရှိရာ ၎င်းမှထွက်ပေါ်လာသော ဆူညံသံများကြောင့် နားမခံနိုင်ဘဲ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် ယင်းလုပ်ငန်းကို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါ သည်။

**ရွှေပြည်အေးသား**

### အမှိုက်ကန်ကိုသင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါ

**စာတည်းရှင့်-**

ပဲခူးတိုင်း ဖြူးမြို့ ၄လမ်းနှင့် ၃လမ်းကို ဖြတ်လျက်ရှိသော ၁၀လမ်းရှိ အမှိုက်ကန်တွင် အမှိုက်များ စုပုံနေသည့်အပြင် လမ်းတစ်လျှောက်လုံး အမှိုက်များဖြင့် ပြန့်ကျဲလျက်ရှိပါသည်။ ပတ်ဝန်းကျင်လူနေအိမ်များမှာ အမှိုက်ကန်ရှိ အနံ့အသက်ဆိုးများကို ရှူရှိုက်နေရပါသောကြောင့် ထိုအမှိုက်ကန်ကို သင့်လျော်ရာနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

**ဖြူးမြို့သူ**

### စည်းကမ်းမဲ့ အနေးယာဉ်များ ကြပ်မတ်ပေးပါ

**စာတည်းခင်ဗျား-**

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ပင်လုံလမ်းမကြီးနှင့် အမှတ်(၃၂)ရပ်ကွက် ဦးဘိုးသင်းလမ်းဆုံ ပင်လုံလမ်းမကြီးပေါ် ၃၅ ကားမှတ်တိုင်တွင် လိုင်စင်မဲ့အနေးယာဉ်ဆိုက်ကားများ စည်းကမ်းမဲ့စွာ တန်းစီဂိတ်ထိုးထားမှုကြောင့် မှတ်တိုင်တွင် ရပ်မည့် လိုင်းကားများ၊ ခရီးသွားများနှင့် ဈေးသည်များ ရောထွေးပြီး ယာဉ်တိုက်မှု မကြာခဏ ဖြစ်နေပါ၍ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ဒဂုံမြို့သစ်သား**

### အနံ့ဆိုးနှင့်ဆူညံသံကြောင့် ကျန်းမာရေးထိခိုက်ရ

**စာတည်းရှင့်-**

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်(၁၄)ရပ်ကွက် စီမံကိန်း(၂) သခင်ဖိုးလှကြီးလမ်းသွယ်(၃)တွင် နေထိုင်သူတစ်ဦးသည် နေအိမ်နှင့်ကပ်လျက် ဝက်များစီးပွားဖြစ်မွေးမြူထားရာ ဝက်များ၏အနံ့ဆိုးနှင့်ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရသည့်အပြင် အနှောင့်အယှက်လည်းဖြစ်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ကျန်းမာရေးထိခိုက်ရသူ**

### စကြံပေါ်က ကားများ ကြပ်မတ်ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၂)ရပ်ကွက် ဗိုလ်တထောင်ဈေးလမ်း (အထက်)လမ်းရှိ လူသွားစင်္ကြံပေါ်တွင် ကားများ နေ့ရောညပါ ရပ်တန့်လျက်ရှိရာ လမ်းသွားလမ်းလာများ ကားလမ်းမပေါ်သို့ ဆင်းလျှောက်နေရသဖြင့် ယာဉ်အန္တရာယ် စိုးရိမ်ရပါသောကြောင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ယာဉ်အန္တရာယ်ကင်းစေလိုသူ**

### ကောလင်း၌ ဈေးလမ်းကြား ရှင်းလင်းပြီး

၃-၈-၂၀၀၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကောလင်းမြို့နယ်စည်ပင်သာယာဈေး ဆိုင်ခန်းနှစ်ခန်းတွဲကြားတွင်ထားရှိဖောက်လုပ်ထားသော ဈေးလမ်းကြားများ ရှင်းလင်းပေးပါ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ပုတီးကုန်း၌ကျူးကျော်အိမ်များ လမ်းပိတ်ဆို့မှု ဆောင်ရွက်ပြီးစီး

၉-၁၁-၂၀၀၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ရှိ သီရိဇေယျာရပ်ကွက်၊ ဗိုလ်ရုံရပ်ကွက်နှင့် လမ်းမတော်ရပ်ကွက်တို့တွင် လူသွားလမ်း ဧရိယာအတွင်း ကျူးကျော်အိမ်များဆောက်လုပ်နေထိုင်ခြင်းကြောင့် လမ်းပိတ်ဆို့နေ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မောင်မောင်မြင့်ဆွေ စုစည်းသည်



## ဟိုတယ်၌ အချိန်အကြာဆုံး နေထိုင်သော အဘိုးအို

အင်္ဂလန်နိုင်ငံ ရှက်ဖ်ဖီးမြို့သား အသက်၇၉နှစ်အရွယ် ဒေးဗစ်ဆင့်(အပေါ်ပုံ)သည် ၎င်း၏နေအိမ်တွင် နေထိုင်ခြင်းမပြုဘဲ ၁၉၈၅ခုနှစ်မှ စတင်ကာ ၂၀၀၇ခုနှစ်အထိ ရှက်ဖ်ဖီးမြို့ နေဝပ်ခ်အရပ်ရှိဟိုတယ်၌ ၂၂နှစ်ကြာ နေထိုင်ခဲ့ရာ ကမ္ဘာပေါ်တွင်ဟိုတယ်၌ အချိန်အကြာဆုံး နေထိုင်သူ အဘိုးအိုအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဒီဇင်ဘာ ၁၁ရက်က ဖော်ပြခံရသည်။

(အင်တာနက်)

## လေထီးဖြင့် ကမ္ဘာ့အမြင့်ဆုံး ခုန်ဆင်းသူများ

နီပေါနိုင်ငံ ဧဝရက်တောင်ပေါ်သို့ ဝေဟင်အမြင့်ပေ ၂၁၀၀၀ခန့်မှ လေထီးခုန်ဆင်းခဲ့သူ နီပေါမှ ဂျေကီရှန်၊ အိန္ဒိယလေတပ်မှ ဝင်ဒီစမစ်နှင့် အမေရိကန်မှ မေရီနိုနန်တို့သည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးလေထီးခုန်ဆင်းသူများအဖြစ် ဒီဇင်ဘာ ၁၁ရက်က မှတ်တမ်းတင်ခြင်းခံရသည်။ **(အောက်ပုံ)** **(အင်တာနက်)**





## ကမ္ဘာ့အကြီးဆုံး ရေပေါ်စားသောက်ဆိုင်

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့ဆိပ်ကမ်း၌ တည်ဆောက်ထားသည့် သင်္ဘောပေါ်တွင် အရှည် ၅၁မီတာရှိပြီး ခရီးသည်နှင့်စားသုံးသူ ၄၀၀ကျော် တစ်ပြိုင်တည်းစားသောက်နိုင်သော စားသောက်ဆိုင်ကိုတည်ဆောက်ထားရာ ကမ္ဘာ့အကြီးဆုံး ရေပေါ်စားသောက်ဆိုင်(အပေါ်ပုံ)အဖြစ် ဒီဇင်ဘာ ၁၁ရက်က မှတ်တမ်းတင်ခြင်းခံရသည်။ ယင်းစားသောက်ဆိုင်ကို နှစ်နှစ်ကြာတည်ဆောက်ခဲ့ရပြီး သံထည်များ အသုံးမပြုဘဲ သစ်သားများဖြင့်သာ အသုံးပြုတည်ဆောက်ထားခြင်းဖြစ်သည်။

(အင်တာနက်)

# လိမ်လည်လှည့်စား ဉာဏ်များလိုက်ပုံက

နိုင်ငံတကာမှုခင်း

ဆွေ စုစည်းသည်



နယူးယောက်စီးတီးမြို့သူ ကက်ရှာဂျုန်း

''မုန့်သာဝေစားချင်တယ်''

ချစ်သူရည်းစားရှိထားသော အရွယ်ရောက်ပြီးသူ အမျိုးသမီးများ၏ ရင်တွင်းဖြစ်စကားဖြစ်၏။ မုသားစကား ဟုတ်ဟန်မတူပါ။

တကယ်တော့လည်း အမျိုးသမီးဖြစ်စေ၊ အမျိုးသားဖြစ်စေ အရွယ်ရောက်၍ ချစ်သူရည်းစားထားမိကြပြီဆိုလျှင် မိမိ ချစ်သူကို မိမိတစ်ဦးတည်းသာ ပိုင်ချင်ဆိုင်ချင်ကြသည်။ မိမိလက်ထဲကလွတ်ပြီး သူတစ်ပါးရင်ခွင်ထဲကို အရောက်မခံချင်ကြ။

အချစ်ကို ဝေမပေးချင်ကြ။ အချစ်ကို ဝေမယူချင်ကြချေ။

အထူးသဖြင့် အမျိုးသမီးများအယူအဆက သည်အတိုင်းပင်....။

### ဆန္ဒစွဲများ

''တစ်လင်တစ်မယားပဲ နေချင်တယ်၊ နှစ်လင်တစ်မယား မနေချင်ဘူး၊ တစ်မယားတစ်လင်သာနေချင်တယ်၊ နှစ်မယား တစ်လင် မနေချင်ဘူး''ဟုဆိုသော ဆန္ဒစွဲများနှင့် တစ်ဘဝလုံး ရပ်တည်နေကြသည်ကို တွေ့ရသည်။ သူတို့ကို လိမ္မာသည်ဟု ပြောမည်လော၊ မိုက်မဲသည်ဟုဆိုမည်လော မဝေခွဲတတ်စရာ။

စင်စစ် အဆွယ်အပွားမထားချင်ကြသည့်သူတွေကသာ သည်အတိုင်း နေချင်ကြပေလိမ့်မည်။

အေးအေးဆေးဆေး ရိုးရိုးသားသား နေချင်ကြသော ဇနီးမောင်နှံများကျင့်သုံးသည့် လက်တွေ့ကျသော အချက်ပင်ဖြစ်သည်။

တစ်နည်းဆိုရလျှင် ဗျာမများလိုကြသည့် ဇနီးမောင်နှံတွေကြား ခံယူထားသည့် ဒဿနအမြင်ဟူ၍ သတ်မှတ်သော်သင့်မြတ်ပေမည်။

နောက်တစ်နည်းပြောရလျှင် အပူသောကတွေ မပွားချင်ကြသည့် ဇနီးမောင်နှံတို့၏ ကိုယ်ကျင့်တရားဟုဆိုသော်ရပေမည်။

သို့သော် မည်သို့ပင်ဖြစ်စေ၊ ထိုဒဿနတွေ၊ ထိုကိုယ်ကျင့်တရားတွေကို မကျင့်သုံးလိုကြသူတွေ၊ လက်မခံလိုသူတွေ ရေတွက်မကုန်နိုင်လောက်အောင်ပင် ရှိနေသည်။

အမုန်တော့ လင်ရယ်၊ မယားရယ် ဖြစ်လာလျှင် ခံယူကျင့်သုံးအပ်သော ကျင့်ထုံးများဟု အကြံပြုချင်ပါဘိ။

မယားထိစားကြည့်၊ လင်ထိမချိအောင်နာ ဆိုသည့်စကားသည် ပုထုဇဉ်များမရှောင်လွှဲနိုင်သည့် ခံယူချက် ဖြစ်နေပြန်၏။

သည်နေရာတွင် အမေရိကန်က ဇနီးမောင်နှံ ဇာတ်လမ်းတစ်ပုဒ်ကို ဖော်ထုတ်ပြောပြလိုက်ချင်လာပါ၏။ မဆန်းလှသော်လည်း မရိုးလွန်းသည့် ဇာတ်လမ်းတစ်ပုဒ်ပင်။

### မခွဲနိုင်မခွာရက်

နယူးယောက်စီးတီးမြို့က အမျိုးသမီးတစ်ယောက်၏အဖြစ်ကို တင်ပြချင်သောကြောင့် ဖြစ်သည်။ ထိုအမျိုးသမီးက သူမ၏ခင်ပွန်းကို ငံ့ထားမတတ်ချစ်၏။ မခွဲနိုင်မခွာရက်အောင် ချစ်၏။ သူတစ်ပါးအမျိုးသမီးတွေ မျက်စိနှင့်ပင် မကြည့်စေချင်လောက်အောင် မြတ်နိုး၏။ အခြားသူနောက် ပါသွားမည်ဆိုသည်ကိုမူကား စိုးစဉ်းမျှပင် မစဉ်းစားချင်။

သို့သော် သူမ၏ခင်ပွန်းက တခြားအမျိုးသမီးတစ်ဦးကို အငယ်အနှောင်းထား၏။ အပျော်မယားထားလာ၏။ တိုတိုနှင့်ရှင်းရှင်းရေးရလျှင် အငယ်အနှောင်းဖြစ်သည့်အပျော်မယားမှာ ကိုယ်ဝန်ရှိလာသည်။ ဤသည်ကို ပထမဇနီးဖြစ်သူက ပထမတော့ မသိရှာ။ နောက်ပိုင်းကျမှသိလာ၏။

### အမျိုးမျိုးကြံ

ထိုအခါ ဉာဏ်နီဉာဏ်နက်ဖြင့် အမျိုးမျိုးကြံတော့၏။ အရေးကြီးသည်က မိမိခင်ပွန်းဖြစ်သူသည် အပျော်မယားနှင့် ရာသက်ပန်ရိုးမြေကျ မခွဲနိုင်မခွာရက် ပေါင်းသင်းသွားမည်ကို မလိုလားပါ။ မကြည့်ရက် မမြင်ချင်။

အပျော်မယား၏ကိုယ်ဝန်ကို ဖြစ်သည့်နည်းဖြင့် ဖျက်မည်ဟု ဆုံးဖြတ်လိုက်သည်။

အပျော်မယားတွင်ရှိနေသော ကိုယ်ဝန်ကို မဖြစ်ဖြစ်သည့်နည်းဖြင့် ဖျက်လေတော့၏။ ထို့ကြောင့် ကိုယ်ဝန်ရှိနေသော အပျော်မယား၏ ကိုယ်ဝန်ပျက်ကျစေမည့် ကိုယ်ဝန်ဖျက်ဆေး စားရန် ပရိယာယ်ဆင် လိမ်လည်လှည့်စားခဲ့သည်။

ကြံစည်သည့်အတိုင်း အကောင်အထည်ဖော်တော့သည်ကိုး။

နယူးယောက်စီးတီး မြို့သူဆိုသူ၏ အမည်က ကက်ရှာဂျုန်းဖြစ်သည်။

သူမလုပ်သည့်လုပ်ရပ်က သည်လိုပါ။

### ဟန်ဆောင်

ဆရာဝန်တစ်ဦး၏ ဆေးစာကိုအသုံးပြုပြီး ဆေးဝယ်ယူစေသည်။ သူ့ကိုယ်သူ သားဖွားဆရာဝန်ရုံးက ပြောနေသူအဖြစ် ဟန်ဆောင်၍ သူမခင်ပွန်း၏ အပျော်မယားထံ ဖုန်းဆက်သည်။ ထိုဆေးကို စားပါဟုအကြံပြုသည်။

ထိုအခါ သူမခင်ပွန်း၏ နောက်ဇနီးဖြစ်သူအပျော်မယားက အနုပ်ခံရတော့သည်။ အလှည့်စား ခံလိုက်ရချေပြီ။ ပထမ မယားကြီး အကြံပြုသည့်ဆေးကိုစားသည်။ ထိုဆေးကိုစားရင်း နေ့မစေ့ လမစေ့ ကလေးမွေးဖွားခဲ့သည်ဟု ဆေးဘက်ဆိုင်ရာ အာဏာပိုင်များက သုံးသပ်သည်။

မည်သို့ပင်ဖြစ်စေ ထင်သလိုဖြစ်မလာ။

ကလေးငယ်ကိုမွေးရမည့်အချိန်ထက် နှစ်လစော၍ မွေးခဲ့ခြင်းဖြစ်၏။ သို့သော် မွေးလာသည့်ကလေးက ကျန်းကျန်းမာမာ လန်းလန်းဆန်းဆန်းတဲ့။

ကက်ရှာဂျုန်းက ပထမအကြံမအောင်မြင်သည့်အခါ နောက်တစ်မျိုး ကြံပြန်သည်။ နောက်ထပ်လိမ်လည်လှည့်စားရန် ကြိုးစားပြန်၏။

### တိုက်ကျွေး

ကက်ရှာဂျုန်း နောက်ထပ်လှည့်စားပုံမှာ ကလေးငယ်၏မိခင်ဟန်ဆောင်ပြီး မိခင်နို့ရည်ဟုလိမ်ညာထားသည့် ညစ်ညမ်းသော အရည်များထည့်ထားသည့် ပုလင်းနှစ်လုံးနှင့်အတူ အမျိုးသားတစ်ယောက်ကို ဆေးရုံသို့လွှတ်လိုက်သည်။ ထိုပုလင်းနှစ်လုံးထဲရှိ အရည်ကို ကလေးငယ်အား တိုက်ကျွေးစေသည်။

ဆေးရုံဝန်ထမ်းများက ထိုပုလင်းထဲကအရည်များကိုမသင်္ကာသဖြင့် ရဲကိုခေါ်ပြီး တိုင်ကြားခဲ့သည်။

အသက်အားဖြင့် (၃၁)နှစ်သာရှိသေးသော ကက်ရှာဂျုန်းသည် ပြစ်မှုကျူးလွန်သူဖြစ်ကြောင်း တရားရုံးတွင် စွဲချက်တင် တရားစွဲခံခဲ့ရခြင်းဖြစ်သည်။

### အမိန့်ချ

လိမ်လည်အတုပြုလုပ်သည့် စာရွက်စာတမ်းများ လက်ဝယ်ထားရှိမှုနှင့် ခွင့်ပြုချက်မရှိဘဲ ကိုယ်ဝန်ဖျက်ချခဲ့မှုတို့ဖြင့် တရားစွဲဆိုလိုက်ခြင်းဖြစ်၏။ တရားရုံးက ထိုက်တန်သည့် ပြစ်မှုဖြင့် အမိန့်ချမှတ်လိုက်သည်။

ကက်ရှာဂျုန်း၏ရှေ့နေက သူ့တွင် အမှုသွားအမှုလာကို လေ့လာရန် အချိန်မရခဲ့ဟုဆို၏။

တရားလိုဘက်က ရှေ့နေများကမူ ထိုအမှုသည် အတွေ့အကြုံများသူတို့ပူးပေါင်းပြီး လျှို့ဝှက်ကြံစည်မှုဟု မှတ်ချက်ချသည်။

### ပရိယာယ်ဆင်

ကက်ရှာဂျုန်းသည် ကလေးရတော့မည်ဟု မျှော်လင့်စောင့်စားနေသော အမြှောင်မယားဖြစ်သူ မိခင်မိုနီဟန်တာကိုဖုန်းဆက်ပြီး သူမဆက်သည့်ဖုန်းသည် တကယ့်ဆရာဝန်ရုံးမှ ဆက်သည့်ဖုန်းဖြစ်လေဟန်ပြုကာ ပညာသားပါပါပရိယာယ်ဆင်ပြီး ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ရှင်းပြသည်။

### ပြောကြား

''ကျွန်မအနေနဲ့ ကျွန်မရဲ့ဆရာဝန်ရုံးကဆက်တဲ့ ဖုန်းကိုရရှိပါတယ်။ ဆရာဝန်က ကျွန်မကိုဆေးခန်းက ဆေးစာကိုယူပြီး ဆေးဝယ်ဖို့ပြောပါတယ်ဟု မိုနီဟန်တာက နယူးယောက်ပို့စ်သတင်းဌာနသို့ ပြောပြ၏။ ကျွန်မကတစ်ခုခုတော့ မသင်္ကာစရာဖြစ်နေပြီ၊ တစ်ခုခုတော့ မှားနေပြီဆိုတာ သိလိုက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီဆေးခန်းဆိုတာ ကျွန်မသွားနေကျဆေးခန်းမဟုတ်လို့ပါဘဲ၊ ဒါပေမယ့် ကျွန်မဒီလိုဖြစ်လိမ့်မယ်လို့ မထင်မိခဲ့ဘူး'' ဟူ၍လည်း ဆက်လက်ပြောကြားသည်။

### ကြိုးစား

မိခင်နို့ရည်ဟုဆိုကာ ညစ်ညမ်းသည့်အရည်များကို ဆေးရုံသို့ ယူဆောင်လာသူသည် မည်သူမည်ဝါဆိုသည်ကို သိရှိရန် မိမိတို့ ကြိုးစားနေကြောင်းဖြင့် အဆိုပါအမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးနေသူများက ပြောပြခဲ့ပါကြောင်း။ ။

**ကိုးကား - အင်တာနက်**

**သို့သော် မည်သို့ပင်ဖြစ်စေ၊ ထိုဒဿနတွေ၊ ထိုကိုယ်ကျင့်တရားတွေကို မကျင့်သုံးလိုကြသူတွေ၊ လက်မခံလိုသူတွေ ရေတွက်မကုန်နိုင်လောက်အောင်ပင် ရှိနေ။**

# ဩော် အိမ်စာ ....

ဘဝအမောပြေ

**မူလတန်းကျောင်းတစ်ကျောင်း၌ ဆရာမက ကျောင်းသား ကျောင်းသူများအား အိမ်တွင်တစ်နာရီကြာသည်အထိ ကျောင်းသင်ခန်းစာ ပြုလုပ်ရန် မှာကြားပြီး နောက်တစ်နေ့၌ အိမ်စာမလုပ်လာသည့် ကျောင်းသူလေးတစ်ဦးအား မေးလေသည်-**

**ဆရာမ** ။ ။ ဘာဖြစ်လို့အိမ်စာမလုပ်လာတာလဲ။

**ကျောင်းသူ** ။ ။ ဒီလိုပါဆရာမ။

**ဆရာမ** ။ ။ ပြောစမ်း။

**ကျောင်းသူ** ။ ။ ဆရာမက အိမ်စာလုပ်ချိန်တစ်နာရီ သတ်မှတ်ပေးထားတယ်လေ။

**ဆရာမ** ။ ။ ဟုတ်တယ်။

**ကျောင်းသူ** ။ ။ အိမ်စာလုပ်ဖို့စာအုပ်ရှာတာ မိနစ် ၂၀ကြာပါတယ်ရှင့်။

**ဆရာမ** ။ ။ အင်း။

**ကျောင်းသူ** ။ ။ စာအုပ်ရှာမတွေ့လို့ ဖေဖေနဲ့မေမေကိုပြောပြတာ ၁၅မိနစ်ကြာပါတယ်ဆရာမ။

**ဆရာမ** ။ ။ အင်း။

**ကျောင်းသူ** ။ ။ အိမ်စာလုပ်ဖို့စာအုပ်တွေ့ပြီး ဘောပင်မတွေ့လို့ရှာတာ ၁၅မိနစ် ကြာပါတယ်။

**ဆရာမ** ။ ။ အင်း။

**ကျောင်းသူ** ။ ။ ဘောပင်ရှာတွေ့ပြီး အိမ်စာလုပ်ဖို့ပြင်ဆင်တာက ၁၀မိနစ်ကြာသွားပါတယ်။

**ဆရာမ** ။ ။ အင်း။

**ကျောင်းသူ** ။ ။ အဲဒါ အချိန်ပေါင်းကြည့်လိုက်တော့ တစ်နာရီဖြစ်သွားတယ်။ ဒါကြောင့် သတ်မှတ်ချိန်ပြည့်သွားလို့ အိမ်စာမလုပ်တော့တာပါ ဆရာမ။

**ဆရာမ** ။ ။ 'ဘာ'

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား


- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။

✻ RFA, DVB - သွေးထိုးနေသည်။

✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✻ နားမယောင်လေနဲ့ သတိထား။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ၂၀၀၉ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲစဉ်။ (သတင်းစဉ်)

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)

## ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ပါဝင်ဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၁၃

၂၀၀၉ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၂ရက် နံနက် ၅နာရီခွဲတွင် နေပြည်တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ စတင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ ပါဝင်ဆင်နွှဲသည်။ *စာမျက်နှာ ၃ ကော်လံ ၃* ■

### ထူးခြားသည့် ညအပူချိန်

၁၃-၁၂-၂၀၀၉

| | | |
|---|---|---|
| ဟားခါးမြို့ | -၁ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင်မြို့ | ၀ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| လားရှိုးမြို့ | ၅ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၆ | ဒီဂရီစင်တီဂရိတ် |
| မင်းတပ်မြို့ | ၆ | ဒီဂရီစင်တီဂရိတ် |
| အမ်းမြို့ | ၆ | ဒီဂရီစင်တီဂရိတ် |